ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (13-1-2012) (၇၀၀၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

အကျဉ်းသား၊ အကျဉ်းသူ ၆၅၁ ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ပြု

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေး ရည်ရွယ်

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက် လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၅၁ ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ပြာသိုလဆုတ် ၅ ရက်၊ (ခရစ်နှစ် ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၃ ရက်)နေ့မှစ၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ် Wing-7 ၌ ကြည့်ရှုလေ့လာ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ် Wing -7 ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ထိုင်းတပ်မတော် အထူးလေယာဉ်ဖြင့် Suratthani ပြည်နယ်ရှိ ထိုင်းဘုရင့်လေတပ် Wing-7 သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F.Crowley ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F.Crowley ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၏ လုပ်ငန်းတာဝန်များ၊ လွှတ်တော်တွင် ဥပဒေကြမ်းများရေးဆွဲနေမှု၊ ပြည်သူ့ဆန္ဒနှင့် မျှော်လင့်ချက်များကို လွှတ်တော်မှဖော်ဆောင်ပေးနေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လွှတ်တော်များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ တိုင်းရင်းသားအရေးကိစ္စရပ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✳

ကြေးမုံ စာတည်းရှုထောင့် ၁၃-၁-၂၀၁၂[သောကြာနေ့]။

ဘဝ နေဝင်ချိန်

ရန်ကုန်-အင်းစိန် လမ်းမကြီးတစ်နေရာ၏ အုတ်ခုံတစ်ခုပေါ်တွင် ငွေအကြွေစ အနည်းငယ်ကိုင်ကာ မျက်ရည်စီးဖြိုင်ကျနေသည့် အဘွားအိုတစ်ဦးကို တွေ့မြင်ခဲ့ရသည်။ တောင်းစားသူဟုတ်ဟန်မတူသဖြင့် စုံစမ်းမေးမြန်းကြည့်ရာ ခိုကိုးရာမဲ့ဒုက္ခိတကိုစောင့်ရှောက်နေသော အဘွားအိုတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။ ဘဝနေဝင်ချိန်အင်အားမရှိ စားရမဲ့သောက်ရမဲ့ဖြစ်ပြီး မတတ်သာသည့်အဆုံး လမ်းပေါ်ထွက် အလှူခံသည့်ဘဝသို့ ရောက်ခဲ့ရကြောင်းသိလိုက်ရသည်။ ဤကဲ့သို့ အဘွားအိုလို လူမျိုး ဘယ်နှယောက်ရှိမည်မသိ တွေးတောမိသည်။

တစ်ဖန်ထိုနေ့တွင်ပင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်သားလိုအပ်ချက် လေးဆအထိတိုးလာမည်ဆိုသည့် နိုင်ငံခြားသတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ စင်ကာပူနိုင်ငံ၌ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပေးနိုင်ရန် ဝန်ကြီးအဆင့်ကော်မတီထူထောင်ပြီး ဘိုးဘွားများဂေဟာများကို ထူထောင်ပေးခဲ့သည်။ ထို့အပြင် လုပ်သားအင်အား ၄၀၀၀မှ ၁၀၀၀၀အထိ တိုးမြှင့်ရန် စီမံလျက်ရှိသည့်သတင်းဖြစ်သည်။ စင်ကာပူနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်၍ ဆောင်ရွက်နိုင်သည်မှန်သော်လည်း မြန်မာနိုင်ငံအဖို့တွင်မူ ဖော်ပြပါ အဘွားအိုကဲ့သို့ ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများကို ပိုမိုစောင့်ရှောက်ရေး ယခုထက်ပို၍ အားထုတ်ကြိုးပမ်းရန်လိုအပ်နေဦးမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကသာ တိကျသည့် စည်းကမ်းချက်များဖြင့် ဘိုးဘွားများကို စောင့်ရှောက်ပေးလျက်ရှိပြီး စည်းကမ်းမဝင်သော ခိုကိုးရာမဲ့ဘိုးဘွားများမှာ အမြောက်အမြားရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် လူမှုရေးအဖွဲ့အစည်းများကပါ ပါဝင်ပြီး အားကိုးရာမဲ့နေသော အဘိုးအဘွားများအား စောင့်ရှောက်ကြသည်။

လူ့ဘဝအရွယ်သုံးပါးတွင် ဘဝနေဝင်ချိန်သည် အရေးအကြီးဆုံးဖြစ်သည်။ ငယ်စဉ်ဘဝ၌ မည်မျှဒုက္ခရောက်ခဲ့သော်လည်း သက်ကြီးရွယ်အိုဘဝ၌ အိုဇာတာကောင်းမွန်ရန်မှာ အထူးအရေးကြီးလှသည်။ အခြေခံလူတန်းစားများမှာ ဝမ်းရေးအတွက် ဘဝကိုရုန်းကန်ဖြတ်သန်းရင်း အင်အားမရှိသော အရွယ်ရောက်သောအခါ တောင်ဝှေးလဲလို့ ဖိုးသူတော်မထူနိုင်၊ ဖိုးသူတော်လဲလို့ တောင်ဝှေးမထူနိုင်သည့်အဖြစ်သို့ ရောက်ကြရသည်။

ဘဝနေဝင်ချိန်နီးခါမှ ဒုက္ခဖြစ်ရရှာသောအဘိုးအဘွားများကို စောင့်ရှောက်ခြင်းသည် လူမှုရေးအရ မွန်မြတ်ကောင်းမွန်သည့်အပြင် ဘာသာရေးအရ ကုသိုလ်ထူးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်က "ငါဘုရားကို ပြုစုမည့်အစား ဂိလာနကို ပြုစုကြ"ဟု ဂိလာနဝတ္ထုတွင် မိန့်ဆိုထားရာ သက်ကြီးရွယ်အို ဂိလာနတို့အား စောင့်ရှောက်ကူညီမှုသည် မွန်မြတ်သောတရားတော်နှင့်ညီသည့် လူမှုကူညီရေးလုပ်ငန်းပင် ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်က အငြိမ်းစားများ၏ ပင်စင်လစာငွေကို တိုးမြှင့်ပေးခဲ့သဖြင့် ဘဝနေဝင်ချိန်သို့ ကူးပြောင်းနေပြီဖြစ်သော သက်ကြီးရွယ်အိုများ၏ ဘဝကို ကယ်တင်စောင့်ရှောက်ပေးရာသို့လည်း ရောက်ခဲ့သည်။ သို့သော် ဝန်ထမ်းမဟုတ်သည့် ပြင်ပမှ ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများဘဝမှာမူ စိတ်မချမ်းမြေ့ဖွယ်ကျန်ရှိနေသေးရာ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများက မိမိအစီအစဉ်ဖြင့် မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို သာဓုခေါ်ဆိုမိပါသည်။

သို့ဖြစ်ပါ၍ ပိုမိုလိုအပ်နေဦးမည့် သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများမှဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းများမှဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြခြင်းဖြင့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများ၏ ဘဝနေဝင်ချိန်များ ကောင်းမွန်လှပမည်သာ ဖြစ်ပေသည်။ ။

တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန ၂၉ ခုနှင့် အခြားဌာနကြီး လေးခုတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဝန်ကြီးဌာနများမှ တင်ပြသည့်အမှာစာများကို စိစစ်ရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်လွင်က ဝန်ကြီးဌာနများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဦးစီးမှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဦးတို့က

တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရာတွင် ဒေသပေါက်ဈေးနှုန်း၊ စံချိန်စံညွှန်း၊ အင်ဂျင်နီယာ နည်းပညာအရ သတ်မှတ်ထားသည့် အချက်(၃)ချက်ဖြင့် ကိုက်ညီအောင် စိစစ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ဝန်ကြီးဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီနှင့် ပြည်ထောင်စုဝန်ကြီး ဌာနများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ် တည်ဆောက်ရေးလုပ်ငန်းများ ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ် (၁၂) အခြေခံပညာမူလတန်း လွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ဘာသာစုံထူးချွန်ပထမဆု ရရှိသူ မနှင်းဝေရီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသီတာဟန် ဆုချီးမြှင့်စဉ်။ (၃၂၉)

မိဘများနေ့ ကောလင်း၌ ကျင်းပ

ကောလင်း ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ လူမှုရေးကူညီစောင့်ရှောက်မှုအသင်းက ကြီးမှူး၍ ပထမအကြိမ် မိဘများနေ့ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက ကောလင်းမြို့ ကျော်ဇေယျာရပ် ကောင်းထက်ခန်းမ၌ မိဘများနေ့ ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပွဲ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)နှင့် လူမှုရေးကူညီစောင့်ရှောက်မှုအသင်း အတွင်းရေးမှူး ဦးကျော်လွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မိဘများနေ့ဟောပြောပွဲတွင် အရှင်အဂ္ဂသာရ(ကေတုမတီ)က "ကောင်းကင်ထက်က လေတံခွန်"ကို လည်းကောင်း၊ ထီးဖြူ အရှင်သူရိယ (M.A)က "အကောင်းဆုံးအရှုံးသမား" ကို လည်းကောင်း၊ မင်းသက်မှူး(စစ်ကိုင်း)က "ကဗျာထဲကအမေ"ကိုလည်းကောင်း၊ တက္ကသိုလ်တေဇာလင်းက "လမ်းပျောက်လို့ ပြန်လျှောက်လာသော်လည်း" ကို လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကဗျာဝါသနာရှင် လင်းသက်ငြိမ်း၊ မောင်လွင်၊ မြူမင်းလွင်၊ မိုးစက်တို့က အမေကဗျာများ ရွတ်ဖတ်ပူဇော်ကြပြီး အမေရေးရာ ဘာသာရေးများ ဆွေးနွေးကြကြောင်း သိရသည်။

(၂၁၄)

ရွှေမင်းသားဖောင်ဒေးရှင်း အလှူငွေ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

(၆)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရခဲ့ကြသော အားကစားသမားများအတွက် အမေရိကန်ဒေါ်လာ ၂၆၀၀ ကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နာယကကြီး Loi Hein Co., Ltd. ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြကြောင်း သိရှိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
- ၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၅ ၈။ အိုင်စီတီသုတ
- ၄း၅၅ ၉။ ရန်သူမီး
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ 'ရွာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၁) -ကျားကျားလျားလျား (အိုင်းလောင်၊ ကျော်ဇေသော်၊ငွေမိုး၊ ဦးမင်းခိုင်နှင့် သရုပ်ဆောင်များ)
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၃၀)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၈၈၀	၀. ၀၃၁၄၆
တရုတ် (ယွမ်)	၆. ၃၁၈၄၀	၀. ၁၅၈၂၇
အိန္ဒိယ (ရူပီး)	၅၁. ၅၈၃၇	၀. ၀၁၉၃၉
မလေးရှား (ရင်းဂစ်)	၃. ၁၄၀၅၀	၀. ၃၁၈၄၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၀၈၄	၀. ၇၇၄၆၉
ဂျပန် (ယန်း)	၇၆. ၈၇၈၄	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၁၅၈. ၁၉	၀. ၀၀၀၈၆
ယူရို	၀. ၇၈၄၈၅	၁. ၂၇၄၁၂
ဗြိတိသျှ (ပေါင်)	၀. ၆၅၁၉၄	၁. ၅၃၃၈၈

အင်တာနက်။

ဗိသုကာအသင်း ပညာရပ်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် Sika တို့ ပူးတွဲကျင်းပမည့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲ CPD Talk(၁/၁၂)ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်း ပထမထပ် အခန်း(၂၀၅)၌ ဇန်နဝါရီ ၁၄ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများနှင့် အသင်းဝင်ဗိသုကာများ ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၉-၇၃၁၅၃၀၈၄နှင့် ၅၁၉၆၇၃-၇၆(လိုင်းခွဲ-၁၁၉)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်း ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ

စာပေဖတ်ရှုသည့်အလေ့အကျင့် တိုးတက်အောင်ဆောင်ရွက်ရေးနှင့် စာကြည့်တိုက်များ ခိုင်မာတိုးတက်ရေး အကောင်အထည်ဖော်ရန် တိုက်တွန်း

အသေးစားငွေကြေးလုပ်ငန်းများ ပိုမိုတိုးတက်ကျယ်ပြန့်စေရန် ချေးငွေများမှန်ကန်စွာပေးဆပ်ရေးနှင့် ငွေပိုငွေလျှံစုဆောင်းရေး မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနယ်ပယ်(၆)ရပ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ရန် အတွက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဇီးတောင် ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာသို့ရောက်ရှိပြီး အိပ်မက်အလင်း စာကြည့်တိုက် တည်ဆောက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပုလဲမြို့နယ်အတွင်းရှိ ရွှေလောင်းကျေးရွာ၊ မွေ့တုံကျေးရွာ၊ နွားကူးကျေးရွာ၊ ပန်းကျေးရွာ၊ တနယ်ကျေးရွာ၊ လျော်ကားကျေးရွာ၊ ကံပေါက်ကျေးရွာနှင့် နွယ်ရှောက်ကျေးရွာတို့သို့ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်များနှင့် အခြေခံပညာ ကျောင်းဆောင်သစ်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ပြည်သူများ အသိဗဟုသုတ တိုးပွားရန်အတွက် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကို ဆက်လက်တိုးတက်အောင်ဆောင်ရွက်ရေးနှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန် ခိုင်မာတိုးတက်စေရန်အတွက် စာငှားစနစ်ကို ပီပီပြင်ပြင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စာသင်ကျောင်းဆောင်သစ်များကို စနစ်တကျအသုံးပြုပြီး ရေရှည်ခိုင်ခံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသည့် အသေးစားငွေကြေးလုပ်ငန်းများ ပိုမိုတိုးတက်ကျယ်ပြန့်စေရန်အတွက် ချေးငွေများကို သတ်မှတ်ချက်အတိုင်း မှန်ကန်စွာပြန်လည်ပေးဆပ်ရေးအပြင် ငွေပိုငွေလျှံရှိသည့်ပြည်သူများကလည်း လုပ်ငန်းတွင် ငွေစုဆောင်းခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေးအတွက် အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်းနှင့် ကုန်းကြီးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် ငွေကျပ် ငါးသိန်း၊ ရွှေလောင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ငါးသိန်း၊ တနယ်ကျေးရွာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀ သိန်း၊ လျော်ကားကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်း၊ ကံပေါက်ကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်းနှင့် နွယ်ရှောက်ကျေးရွာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းတို့အပြင် ကျေးရွာများအတွက် အဝတ်အထည်များနှင့် စာကြည့်တိုက်များအတွက် သုတ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် ပန်းကျေးရွာ၌ ကျေးရွာစာကြည့်တိုက်အတွက် သုတ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၁၁ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် (ရေနံ့မြေမောင်မောင်ကြည်)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်တို့က အမှာစကားပြောကြားကြပြီး နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ထို့နောက် အရှေ့တောင်အာရှဆိုင်ရာ စာပေဆု၊ အမျိုးသားစာပေတစ်သက်တာ စာပေဆုနှင့် အမျိုးသားစာပေဆုရ ဆရာ ဆင်ဖြူကျွန်းအောင်သိန်းနှင့် အမျိုးသားစာပေဆုရဦးမောင်မောင်အေး(မောင်ဟေမာ)တို့က စာပေရေးရာများနှင့် ကဗျာ၊ ဂီတ အကြောင်းများကို ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သထုံမြို့နယ် ဘင်လှိုင်အောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

သထုံ ဇန်နဝါရီ ၁၂

သထုံမြို့ ဘင်လှိုင်ရပ်ကွက် ဘင်လှိုင်အောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ **(အပေါ်ပုံ)** မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ ဦးတိုးတိုးအောင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို၊ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြည်သူလူထုစုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ ဘင်လှိုင်အောက်လမ်းသည် အရှည်ပေ ၃၀၉၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်း ငွေကျပ် ၃၄၁ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၆။ "ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ"
- ၈း၂၀ ၇။ ကြေးမုံရိုပ်သွင်တေးနှုယဉ်
- ၈း၃၀ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ အဆိုပြိုင်ပွဲ
- ၄း၃၀ ၄။ "အမျိုးနှင့်မျိုး"
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅း၄၅ ၁၀။ "စုစည်းခံစားကမ္ဘာ့အားကစား"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၃)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လျှပ်တစ်ပြက်ဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၅)**
- ၂၀။ သီချင်းချစ်သူ (ဒီယံ)
- ၂၁။ အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၃ ရက်က တာမွေမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို အထက(၁)တာမွေ၌ ကျင်းပရာ မြို့နယ်အဆင့် အဆင့်မြင့်စံပြကျောင်းဆု(ပထမဆု)နှင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး(အထူးဆု) ရရှိသော အမက(၂၂) တာမွေမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုလက်ခံစဉ်။ (ပညာရေး)

မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှုများပြား

မန္တလေး ဇန်နဝါရီ ၁၂

ပွင့်လင်းရာသီတွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည် ဝင်ပေါက်များဖြစ်သော မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်မှုနှင့် အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ်များဖြင့် လာရောက်မှုများ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများ အတွင်း များပြားလျက်ရှိပြီး ပြင်သစ်၊ ဩစတြေးလျ၊ ဂျပန်၊ အီတလီ၊ ထိုင်း၊ တရုတ်နိုင်ငံသားများ အများဆုံးဖြစ်ကာ မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦး၊ အင်းဝ၊ စစ်ကိုင်းမြို့များသို့ အစုအဖွဲ့လိုက် သွားရောက်လည်ပတ်ကြကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

ပြည်ပရောက် မြန်မာနိုင်ငံသားများ မော်တော်ကားတင်သွင်းရန် စိတ်ဝင်စား

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ပရောက် မြန်မာနိုင်ငံသား ပြည်ပလုပ်သားများ ပြည်တွင်းသို့ မော်တော်ကား တင်သွင်းရန် စိတ်ဝင်စားလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ပြည်ပရောက် တရားဝင်အခွန်ဆောင်ထားသော မြန်မာအလုပ်သမားများအား မော်တော်ကားတင်သွင်းနိုင်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းအပေါ် ပြည်ပရောက်မြန်မာနိုင်ငံသားများ စိတ်ဝင်စားလျက်ရှိပြီး မော်တော်ကား တင်သွင်းရန်အတွက် စုံစမ်းမေးမြန်းမှုများရှိနေကြောင်း သိရသည်။

မော်တော်ကား တင်သွင်းလိုသူများအနေဖြင့် ဇန်နဝါရီ ၆ ရက်မှစ၍ လျှောက်လွှာများ စတင်လျှောက်ထားနိုင်ပြီဖြစ်သော်လည်း စုံစမ်းမေးမြန်းမှုများသာ ရှိနေပြီး လျှောက်လွှာများလျှောက်ထားခြင်းကိုမူ ဇန်နဝါရီ ၁၀ ရက်အထိ မရှိသေးကြောင်းလည်း သိရသည်။ မော်တော်ယာဉ်တင်သွင်းလိုကြသော်လည်း သတ်မှတ်ထားသော အထောက်အထားများကြောင့် အခက်အခဲများလည်း ရှိနေကြကြောင်းသိရသည်။ ရန်ကုန်မြို့သို့ လျှောက်ထားရမည်ဖြစ်သည့်အတွက် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ သံရုံးများမှလည်း စုံစမ်းသိရှိလိုကြသည်ဟု သိရသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်သို့ ဝင်ငွေခွန်ပေးဆောင်ပြီး မိမိ၏ဘဏ်ငွေစာရင်းတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀နှင့် အထက်ရှိသူအား ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ထုတ်လုပ်သည့် လူစီးကားများကို တင်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

(၀၀၁)

ခြင်ဆေးခွေသုံးလျှင်သတိယှဉ်အောက်တွင်ခံခွက်မမေ့နှင့်

အီရန်နိုင်ငံရှိ နန်တက်ဇ် နျူကလီးယားစက်ရုံ၏ ကင်းစခန်းကို တွေ့ရစဉ်။

အီရန်နျူကလီးယားသိပ္ပံပညာရှင် လုပ်ကြံခံရမှု အမေရိကန်နှင့် အစ္စရေးတို့ တာဝန်ရှိဟုဆို

တီဟီရန် ဇန်နဝါရီ ၁၂

အီရန်နိုင်ငံ၏ နျူကလီးယားသိပ္ပံပညာရှင်တစ်ဦး လုပ်ကြံခံရမှုဖြစ်ရပ်၏နောက်ကွယ်တွင် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ ရှိနေကြကြောင်း အီရန်တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံရှိ နန်တက်ဇ်နျူကလီးယားလောင်စာသန့်စင်ရေးစက်ရုံမှ သိပ္ပံပညာရှင် မိုစတာဖာအာဖာဒီဂိုရှန်သည် ဇန်နဝါရီ ၁၀ရက် နံနက်က တီဟီရန်မြို့ မြောက်ဘက်၌ ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။

အီရန်သိပ္ပံပညာရှင် လုပ်ကြံသတ်ဖြတ်ခံရမှုတွင် အစ္စရေးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ တာဝန်ရှိကြောင်း အီရန်ဒုတိယသမ္မတ မိုဟာမက်ရီကာရာဟီမီက ပြောကြားသည်။

မိမိတို့၏ ရန်သူတော်နိုင်ငံများသည် ဤကဲ့သို့သော အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များဖြင့် မိမိတို့၏ သိပ္ပံရေးရာ တိုးတက်မှုများကို တားဆီးပိတ်ပင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနှင့် အမေရိကန် ထောက်လှမ်းရေးအဖွဲ့အစည်းများသည် အီရန်နျူကလီးယားသိပ္ပံပညာရှင်များကို လုပ်ကြံသတ်ဖြတ်နိုင်ရန် နောက်ကွယ်မှလှုပ်ရှားခဲ့ကြောင်း အီရန်ပါလီမန်ရှိ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒ ကော်မရှင်အကြီးအကဲ ကာဇမ်ဂျာလာလီက ပြောကြားသည်။

သေဆုံးခဲ့သူမှာ အသက် ၃၂နှစ်ရှိပြီး နန်တက်ဇ် နျူကလီးယားလောင်စာသန့်စင်ရေးစက်ရုံ၌ ဒုတိယအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ **ဆင်ဟွာ။**

မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်းတောင်းဆို

ဆီယမ်ရိ (ကမ္ဘောဒီးယား) ဇန်နဝါရီ ၁၂

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသည် ဇန်နဝါရီ ၁၁ ရက်တွင် ပြီးစီးခဲ့ရာ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့်ပတ်သက်၍ သဘောတူညီချက်များရရှိခဲ့ကြောင်း အစည်းအဝေးအပြီးတွင် ထုတ်ပြန်သည့် သတင်းကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါကိစ္စရပ်များတွင် ကိုရီးယားကျွန်းဆွယ်အရေး၊ တောင်တရုတ်ပင်လယ်အရေးနှင့် သက်ဆိုင်သည့် နိုင်ငံများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကြေညာချက် အကောင်အထည်ဖော်ရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ် တိုးတက် မှုနှင့် အခြားကိစ္စရပ်များပါဝင်သည်။

ထပ်လောင်းတောင်းဆို

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရေးကို ထပ်လောင်းတောင်းဆိုရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြပြီး ဤသို့စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာအထောက်အကူပြုမည်ဖြစ်သည်ဟု ပြောကြားသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ဆက်လက်အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုသည့်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကြားဝင်ဆောင်ရွက်ပေးနေမှုအခန်းကဏ္ဍကို အဆုံးသတ်ရေးကို တောင်းဆိုရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

မိမိတို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်၏ တိုးတက်မှုများကို ကြိုဆိုကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ ပြင်ပတွင် မည်သည့်နိုင်ငံတကာညီလာခံမှ ကျင်းပရန်လည်း မလိုတော့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်က ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းအား အပြီးသတ်ရေးဆွဲရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကတိပြုခဲ့ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ထောက်ပံ့ကူညီပူးပေါင်းဆောင်ရွက်ရေး၊ ပင်လယ်ရေကြောင်းသွားလာမှု လုံခြုံရေးနှင့် အခြားကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ။**

အမေရိကန်၌ လွန်ခဲ့သည့်လေးနှစ်တာကာလတွင် ဆင်းရဲသားဦးရေ ၁၀ သန်းတိုးလာ

ဝါရှင်တန် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံ၌၂၀၀၆ခုနှစ်မှ၂၀၁၀ပြည့်နှစ်ကာလအတွင်း ဆင်းရဲသားဦးရေ နောက်ထပ် ၁၀ သန်းခန့် တိုးလာခဲ့သည်။ အမျိုးသားစီးပွားရေး နာလန်ထူမှုနှေးကွေးမည့် လက္ခဏာများကို ပြသလျက်ရှိနေစဉ် ဆင်းရဲသားဦးရေ တိုးလာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၌ ဆင်းရဲမွဲတေစွာနေထိုင်ရသူဦးရေသည် ၂၀၁၀ပြည့်နှစ်၌ ၄၆ ဒသမ ၂သန်းအထိ တိုးမြင့်လာခဲ့သည်။ ၂၀၀၆ခုနှစ်က ဆင်းရဲသားဦးရေ ၃၆ဒသမ ၅သန်းရှိခဲ့ရာမှ ၂၇ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း အင်ဒီယားနားတက္ကသိုလ်က ထုတ်ပြန်သောလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဖော်ပြပါ ကာလအတွင်း အမေရိကန်လူဦးရေ ၃ဒသမ ၃ရာခိုင်နှုန်းတိုးတက်လာခဲ့ရာ ယခုအခါ လူဦးရေ သန်း ၃၁၀ခန့်ရှိသည်။

အမေရိကန်နိုင်ငံ၌ ဆင်းရဲမွဲတေမှုဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ လူလေးဦးပါဝင်သော မိသားစုတစ်စုအတွက် နှစ်စဉ် ဝင်ငွေဒေါ်လာ ၂၂၁၁၃ အောက်သာရရှိသော အနေအထားဖြစ်သည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေး ပြန်လည်နာလန်ထူမှု နှေးကွေးနေခြင်းကြောင့် ဆင်းရဲသားဦးရေ တိုးလာခြင်းဖြစ်သည်။ **အင်တာနက်။**

နီပေါနိုင်ငံ သစ်တောဥယျာဉ်၌ အမျိုးသမီးတစ်ဦးကို ပထမဆုံးအကြိမ် ဆင်ထိန်းခန့်အပ်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၂

နီပေါနိုင်ငံ၌ ပထမဆုံးသော အမျိုးသမီးဆင်ထိန်းတစ်ဦးကို အမျိုးသားသစ်တောဥယျာဉ်၌ တာဝန်ထမ်းဆောင်နိုင်ရန် အစိုးရက ရွေးချယ်ခန့်အပ်လိုက်ကြောင်း သတင်းဌာနများက ဇန်နဝါရီ ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံတောင်ပိုင်းရှိ ချီဝန်အမျိုးသားသစ်တောဥယျာဉ်၌ ကမ္ဘာ့လှည့်ခရီးသည်များ ဆင်များစီးကာ တောကစားထွက်ရာတွင် ဆင်ထိန်းများ လိုက်ပါလေ့ရှိကြသည်။

အမျိုးသမီးဆင်ထိန်းရာထူးအတွက် လျှောက်ထားသူများ အနက်မှ၁၅ဦးကိုဆန်ခါတင်ရွေးချယ်ခဲ့ပြီးနောက် အသက် (၃၃) နှစ်ရှိ မီနာချောင်ဒရီက အပြီးသတ် ရွေးချယ်ခံခဲ့ရသည်။

နီပေါနိုင်ငံ၌ ယခင်က ဆင်ထိန်းလုပ်ငန်းကို အမျိုးသားများသာလျှင် လုပ်ကိုင်လေ့ရှိခဲ့သည်။ ဆင်ထိန်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်ခဲ့ရကြောင်း ချောင်ဒရီက ပြောကြားသည်။

နီပေါနိုင်ငံ၌ ဆင်ထိန်း ၁၀၀ခန့်ရှိသည်။ အစိုးရက လုပ်ခလစာပေးကာ ငှားရမ်းအသုံးပြုသော ဆင်ထိန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ငှားရမ်းအသုံးပြုသော ဆင်ထိန်းဟူ၍ ရှိသည်။

နီပေါနိုင်ငံရှိ ချီဝန်အမျိုးသားသစ်တောဥယျာဉ်သို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ထောင်ပေါင်းများစွာ အလည်အပတ်လာရောက်လေ့ရှိသည်။ **အင်တာနက်။**

ဂျပန်ငါးဖမ်းသင်္ဘောကို ကြားဖြတ်ဟန့်တားနေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများအား တွေ့ရစဉ်။

အန္တာတိကသမုဒ္ဒရာ၌ ဂျပန်ဝေလငါးဖမ်းသင်္ဘောကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ ကန့်ကွက်

တိုကျို ဇန်နဝါရီ ၁၂

အန္တာတိကသမုဒ္ဒရာအတွင်း ဝေလငါး ဖမ်းဆီးနေသော ဂျပန်ငါးဖမ်းရေယာဉ်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ဂျပန်တာဝန်ရှိသူများက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

"ပင်လယ်လမ်းပြ"အမည်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ လှုပ်ရှားသူများသည် ဂျပန်နိုင်ငံရှိ ကာတာစီယန်သုတေသနသိပ္ပံ၏ ဝေလငါးဖမ်းသင်္ဘောကို သင်္ဘောဆေးဖြင့် ပက်ဖျန်းခြင်း၊ ပုပ်သိုးနံစော်နေသောအရည်ဖြင့် ပက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများသည် မော်တော်ဘုတ်ငယ်များ အသုံးပြုကာ ဂျပန်ငါးဖမ်းသင်္ဘောကို ကြားဖြတ်ဟန့်တားမှုများ ပြုလုပ်ခဲ့ကြောင်း၊ သင်္ဘောမောင်းနှင်မှု ရပ်တန့်သွားစေရေးအတွက် ကြိုးများကိုပစ်ချကာ ငါးဖမ်းသင်္ဘော၏ ပဲ့နှင့် ပန်ကာများအား ကြိုးများနှင့် ငြိစေရန် လုပ်ဆောင်ခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဂျပန်နိုင်ငံသည် ဝေလငါးဖမ်းဆီးခြင်းဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းနှင့်အညီ သုတေသနလုပ်ငန်းအတွက် ဝေလငါးဖမ်းဆီးခြင်းသာလျှင်ဖြစ်ကြောင်း ကာတာစီယန်သုတေသနသိပ္ပံက ပြောကြားသည်။ **အင်တာနက်။**

မူးယစ်ဆေးနှင့် ဆက်နွယ်သည့် အကြမ်းဖက်မှုများကြောင့် မက္ကဆီကိုတွင် လူ ၄၇၀၀၀ ကျော် သေဆုံးခဲ့

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၂

မက္ကဆီကိုနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများကြောင့် လူ ၄၇၅၁၅ ဦး သေဆုံးခဲ့ရသည်ဟု မက္ကဆီကိုရှေ့နေချုပ်ရုံးမှ ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါရုံးမှ ပြောကြားရာတွင် ၂၀၁၁ ခုနှစ် ပထမကိုးလအတွင်း လူဦးရေ ၁၂၉၀၃ ဦး သေဆုံးခဲ့ပြီး ၂၀၁၀ ခုနှစ် အလားတူကာလက သေဆုံးခဲ့သူဦးရေ ၁၁၅၃၈ ဦးနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း ပိုမိုသေဆုံးခဲ့သည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်တွင် အကြမ်းဖက်မှုအမြင့်မားဆုံး ဖြစ်ခဲ့သည့်လမှာ ဧပြီလဖြစ်ပြီး ယင်းကာလအတွင်း သေဆုံးသူဦးရေမှာ ၁၆၃၀ ရှိသည်ဟု ဆိုသည်။ **ဆင်ဟွာ။**

မြောက်ကိုရီးယားထိပ်တန်းသတင်းစာ အင်္ဂလိပ်ဘာသာဖြင့် ဝက်ဘ်ဆိုက်တင်

ပြုံယမ်း ဇန်နဝါရီ ၁၂

မြောက်ကိုရီးယားနိုင်ငံရှိ ထိပ်တန်းသတင်းစာတိုက်သည် အင်္ဂလိပ်ဘာသာစကားဖြင့် အင်တာနက်ဝက်ဘ်ဆိုက်တင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရအလုပ်သမားများပါတီ၏အာဘော်"ရိုဒေါင်ရှင်မွန်း"သတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့် ဝက်ဘ်ဆိုက်တင်ထားပြီဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီး ဒီဇင်ဘာ ၁၇ ရက်က ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပြီးနောက် သားဖြစ်သူ ကင်ဂျုံအန်းက ဖခင်၏အရိုက်အရာကို ဆက်ခံခဲ့ပြီး အဆိုပါ ဝက်ဘ်ဆိုက်တွင် ကင်ဂျုံအန်း၏ လှုပ်ရှားဆောင်ရွက်ချက်များကို ဖော်ပြထားသည်။ **အင်တာနက်။**

ခေတ်မီဆေးပစ္စည်းကိရိယာများဖြင့် ရောဂါရှာဖွေရေး၊ ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကိုရီးယားသမ္မတနိုင်ငံ SAMSUNG Corporation General Manager, Mr. Chang Young Jun ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ဆေးရုံများ အရည်အသွေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၌ ခေတ်မီဆေးပစ္စည်းကိရိယာများဖြင့် ရောဂါရှာဖွေရေး၊ ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ၏ပံ့ပိုးကူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကိုရီးယားသမ္မတနိုင်ငံ SAMSUNG Corporation General Manager, Mr. Chang Young Jun ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသော အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F. Crowley ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်အောက်လွှတ်တော်အမတ်နှင့်အတူ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ စတုတ္ထနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သုတေသီပညာရှင်များက ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားမှု၊ ကုသဆေးများ၊ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့နှင့်သက်ဆိုင်သော သုတေသနစာတမ်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်းကြသည်။

ထို့ပြင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များဖြစ်သော "ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုဘဝနှင့် အဝလွန်ရောဂါ" နှင့် "ပဋိဇီဝဆေးယဉ်ပါးမှုကို တိုက်ဖျက်ခြင်း" တို့ကို သုတေသီဆေးပညာရှင်များက ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ဇန်နဝါရီ ၁၃ ရက် ညီလာခံနောက်ဆုံးနေ့တွင် ယခုနှစ်အတွက် အကောင်းဆုံးစာတမ်းဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F. Crowley ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၉ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးဟောပြောပွဲကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်း ဟောပြောစဉ်။ (ပြည်နယ် လဝက)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးနေဝင်းလှိုင်-ဒေါ်ခင်ထွေးရီ၊ သားထက်အောင်လှိုင်ဝင်း မိသားစုက မင်္ဂလာနှစ်ပတ်လည်အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၆ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မော်လမြိုင်ကျွန်း၌ ငွေစုငွေချေးအသင်းများက ငွေထုတ်ချေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မူလတန်းဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ငွေစုငွေချေးအသင်း ခုနစ်သင်းတို့က ငွေထုတ်ချေးပွဲကို ဇန်နဝါရီ ၄ ရက်က မော်လမြိုင်ကျွန်းမြို့ မြို့မ ၁၄ လမ်း မူလတန်းကျောင်း၌ ကျင်းပသည်။

ထုတ်ချေးပြီး

ထို့နောက် ငွေစုငွေချေးအသင်းများဖြစ်သော ကရုဏာ၊ သပြေထွန်း၊ ဝါဝါဝင်း၊ မင်းသရဖူ၊ ပန်းသီနှင့် ဆင်မင်း ငွေစုငွေချေးအသင်းတို့က ငွေများထုတ်ချေးပေးခဲ့ကြရာ ဇန်နဝါရီ ၄ ရက်အထိ မူလတန်းဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၀၇၈ ဦးတို့အား ငွေကျပ် ၁၁၉၆ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (၃၆၄)

အမျိုးသမီးတစ်ဦးအား တိုက်ပြီး ထွက်ပြေးသူယာဉ်မောင်းအား ဖော်ထုတ်ဖမ်းဆီးမိ

အုတ်တွင်း ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရွာသာယာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၅၆/၀) နှင့် (၁၅၆/၁) အကြားတွင် ဒေါ်သေးသရီ(၅၀) နှစ် ကျပန်းလုပ်သူ ရွာသာယာနေသူသည် ဒဏ်ရာများဖြင့် လဲကျနေသည်ကို ဇော်ကြီး (၃၂) နှစ် ကျင်းကြီးရပ်ကွက် ကျွဲပွဲမြို့နေသူက ဇန်နဝါရီ ၆ ရက် နံနက် ၄ နာရီခန့်တွင် တွေ့ရှိသဖြင့် ကျွဲပွဲရဲစခန်းသို့ သတင်းပို့ခဲ့သည်။

ကျွဲပွဲရဲစခန်းမှ ဒုရဲအုပ်မင်းမင်းဇော်နှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ ဒေါ်သေးသရီတွင် ယာခြေသလုံးကျိုး၊ ဦးခေါင်းချိုစောင်း ဖူးရောင်ဒဏ်ရာတို့ရရှိလဲကျနေပြီး ယာဉ်တစ်စီးက တိုက်မိကာ ယာဉ်မောင်း ထွက်ပြေးသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဒေါ်သေးသရီအား တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပြောင်းရွှေ့တင်ပို့စဉ် ယင်းနေ့ ညနေ ၆ နာရီခွဲအချိန်တွင် သေဆုံးသွားသည်။

ကျွဲပွဲရဲစခန်းက တရားခံဖမ်းဆီးရမိရေး စုံစမ်းခဲ့ရာ သက်သေအထောက်အထားများအရ အောင်ကျော်စိုး အသက်(၁၉)နှစ် (ဘ) ဦးဟန်ဝင်းအောင်၊ အရောင်းအဝယ်လုပ်ကိုင်၊ ကိုရင့်ကျေးရွာ ရေစကြိုမြို့နယ် မကွေးတိုင်းဒေသကြီးနေသူမှ ဆိုင်ကယ်ဖြင့် တိုက်မိထွက်ပြေးခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းအား လိုက်လံဖမ်းဆီးရာ ဖြူးမြို့နယ် ပဒပ်စင်ကျေးရွာ လူသွားလမ်းပေါ်၌ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ယာဉ်တိုက်မှုကျူးလွန်ပြီး လူရှင်းသည့်နေရာတွင် စွန့်ပစ်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ဘုရင့်နောင်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်သော ၅ခ/၆၁၅၂ အဲကွန်းဘတ်စ် ၂၂၇ လိုင်း (မြောက်ပိုင်းခရိုင်) ယာဉ်သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်အရောက်တွင် ဂုန်လျှော်စက်ရုံရှေ့အရောက် အရှေ့မှ အနောက်သို့ လမ်းကူးသူအမည် နေရပ်လိပ်စာမသိ မြန်မာအမျိုးသားတစ်ဦးအား တိုက်မိပြီး ယာဉ်ပေါ်သို့ တင်ဆောင်သွားကာ ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ ကြူကြူမုန့်စက်ရုံအနီးတွင် စွန့်ပစ်ခဲ့သဖြင့် ဒဏ်ရာရသူမှာ ဦးခေါင်းနောက်စေ့ ပေါက်ပြဲ၊ နှာခေါင်းသွေးထွက် ဒဏ်ရာများဖြင့် သေဆုံးသွားသောကြောင့် ပိတောက်ချောင်းရဲစခန်း(ပ) ၅၃၉/ ၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/၃၀၄-က/၂၀၁/၂၀၂ ဖြင့် ယာဉ်မှုစစ်ဌာနစုမှ ဒုရဲအုပ်သက်နိုင်ထွန်းက တိုင်တန်းအရေးယူမှုသတင်းကို ဇန်နဝါရီ ၁၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ထိုသတင်းအမှုနှင့်ပတ်သက်၍ ပါဝင်သူများကို ဖော်ထုတ်ရမိရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ ဒုရဲအုပ်သက်နိုင်ထွန်းနှင့်အဖွဲ့သည် အခင်းဖြစ်ရပ်သို့ ရောက်ရှိစစ်ဆေးခြင်း၊ သေဆုံးသူအား ဆေးရုံတင်ပို့၍ ရုပ်အမည်အတည်ပြုခြင်း၊ သက်သေခံယာဉ်သွားရာလမ်းတစ်လျှောက် ပိတ်ဆို့ရှာဖွေခြင်းတို့ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာစက်မှုဇုန်(၄) ကျန်စစ်သားလမ်းတွင် သက်သေခံယာဉ်အား တွေ့ရှိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သော ယာဉ်မောင်း ဇော်ဇော်ဦး (ခ) ဒေါက်ကြီး၊ ယာဉ်နောက်လိုက် ဇေယျာဝင်း(ခ) ဆံရှည်၊ ယာဉ်ပိုင်ရှင်၏ ညီဖြစ်သူ သန်းလင်းအောင်တို့အား ညတွင်းချင်း ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများတွင် ပါဝင်သူတစ်ဦးဖြစ်သော ယာဉ်နောက်လိုက် အေးထွန်းအား ဒီဇင်ဘာ ၂၈ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

အမှုတွင် ဒဏ်ရာရသေဆုံးသူမှာ အမှတ်(၅၅၈) ဦးထွန်းရွှေလမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေထိုင်သူ ဦးကြည် အသက်(၇၁)နှစ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ယာဉ်မှုစစ်ဌာနစုမှ မြန်မာ့အာမခံဌာနတွင် အာမခံလျော်ကြေးငွေ ရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်သေခံယာဉ်အား အမှုဖြင့် သိမ်းဆည်းထားရှိပြီး ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း ဇော်ဇော်ဦး(ခ) ဒေါက်ကြီးနှင့် ဒဏ်ရာရသူအား စွန့်ပစ်ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများဖြစ်သော ယာဉ်နောက်လိုက်များဖြစ်သည့် ဇေယျာဝင်း(ခ) ဆံရှည်၊ အေးထွန်းနှင့် ယာဉ်ပိုင်ရှင်၏ ညီဖြစ်သူ သန်းလင်းအောင်တို့အား ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

မွန်ဘိုင်းအတွေး မွန်ဘိုင်းအမြင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-မောင်မောင်ထွေး(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သွားရောက်ခဲ့သည်။

လိုက်ပါ

အဆိုပါခရီးစဉ်၌ ကျွန်တော်နှင့် MRTV မှ ဦးစီးအရာရှိ ဦးထွန်းထွန်း(ရုပ်သံ)တို့ သတင်းပြန်ကြားရေးတာဝန်ဖြင့် လိုက်ပါခဲ့ကြသည်။

ပါလီမန်လွှတ်တော်အဆောက်အအုံ

နယူးဒေလီ၏ ရာသီဥတုက ဟေမန္တဆောင်းရာသီပီပီ အေးမြမြဖြင့် နေ၍ကောင်းလှ၏။ မျက်စိပသာဒအဖြစ်မိဆုံးက နှင်းမှုန်ကြားမှ ခမ်းနားထည်ဝါစွာ ရပ်တည်လျက်ရှိသော အဝိုင်းပုံသဏ္ဌာန် ပါလီမန်လွှတ်တော်အဆောက်အအုံကြီး။

သမိုင်းဝင်ဖြစ်တည်ရာ

ပါလီမန်လွှတ်တော်အဆောက်အအုံအတွင်းရှိ ပါလီမန် ဗဟိုခန်းမကြီးကား သမိုင်းဝင် အဖြစ်အပျက်များစွာတို့၏ ဖြစ်တည်ရာနေရာတစ်ခုလည်းဖြစ်၏။ ၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ လွတ်လပ်ရေးကို နောက်ဆုံးဘုရင်ခံချုပ်ဖြစ်သော လော့ဒ်မောင့်ဘက်တန်က ဤဗဟိုခန်းမ၌ ကြေညာခဲ့၏။

ပြန်လည်ကြားယောင်

ထို့အတူ“ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရာ ယခုကျွန်ုပ်တို့၏ ကြိုးပမ်းချက်မှာ အကောင်အထည်ပေါ်လာပြီ။ သန်းခေါင်ယံအချိန် လူ့လောကတစ်ခွင်လုံး အိပ်မော

ပြည်တွင်းပြည်ပဧည့်သည်များ မပြတ်စည်ကားရာ မွန်ဘိုင်း ရှေးဟောင်းမုခ်ဦး။

ကျနေစဉ် အိန္ဒိယနိုင်ငံသည် အသက်ဝင်လှုပ်ရှားလာခဲ့ချေပြီ။ အဟောင်းမှ အသစ်သို့ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့ ကူးပြောင်းပေတော့မည်” ဟူသည့် လွတ်လပ်ခါစ အိန္ဒိယ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ပန်ဒစ်ဂျဝါဟာလာနေရူး၏ သမိုင်းဝင်လွတ်လပ်ရေးမိန့်ခွန်းကိုလည်း ဤပါလီမန်အဆောက်အအုံ ဗဟိုခန်းမနံရံတို့မှတစ်ဆင့် ပြန်လည်ကြားယောင်လာမိပေသည်။

ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု

အိန္ဒိယနှင့် မြန်မာတို့၏ ချစ်ကြည်ရင်းနှီးမှုကား သမိုင်းရှည်ကြာစွာ တွဲလက်ခိုင်မြဲခဲ့ကြ၏။ နှစ်နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း တစ်ဦးနှင့်တစ်ဦး ရင်ချင်းအပ်၊ ကျောချင်းကပ်၍ အပြန်အလှန် ဖေးမကူညီခဲ့ကြ၏။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အာရှတိုက်၏ ငြိမ်းချမ်းရေးခရီးစဉ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်နှင့်အညီ လျှောက်လှမ်းခဲ့ကြ၏။

ပိုမိုတိုးတက်ခိုင်မြဲ

ယခုမျက်မှောက် ပစ္စက္ခတွင်လည်း အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ သက်ဝင်လှုပ်ရှားမှုနှင့်အတူ အိန္ဒိယနှင့် မြန်မာတို့၏ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေခဲ့၏။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီခဲ့ကြခြင်းကလည်း သက်သေပြလျက်ရှိပေသည်။

ကဏ္ဍအလိုက်တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၊ ဒုတိယသမ္မတနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ပါလီမန်ရေးရာဝန်ကြီး၊ ပြည်ပရေးရာဝန်ကြီး၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ပါတီခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအစဉ်အလာခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ပါလီမန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ ပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပါလီမန် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းမှု၊ မေးခွန်းများမေးမြန်းမှု၊ အပြန်အလှန်ဆွေးနွေးမှုတို့ကို သွားရောက်လေ့လာခဲ့ကြသည်။ ပါလီမန် စာကြည့်တိုက်နှင့် ပါလီမန်မော်ကွန်းပြတိုက်တို့ကိုလည်း ကြည့်ရှုလေ့လာခဲ့ကြ၏။

နေ့ညမပြတ်စည်ကား

ဒီဇင်ဘာ ၁၆ ရက်တွင်မူ အိန္ဒိယ

နယူးဒေလီမြို့ရှိ ပါလီမန်လွှတ်တော် အဆောက်အအုံကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။

သမ္မတနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် တင်စားထိုက်သည့် မွန်ဘိုင်းမြို့သို့ ရောက်ရှိပြီး စီးပွားရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ Bombay Stock Exchange သို့ လေ့လာခဲ့ကြ၏။

မွန်ဘိုင်းမြို့ကား စီးပွားရေးမြို့တော်ပီပီ သက်ဝင်လှုပ်ရှားစည်ကားလှ၏။ မွန်ဘိုင်းကမ်းခြေတွင်မူ ကမ္ဘာလှည့်ခရီးသွားများ သာမက မွန်ဘိုင်းမြို့သူ၊ မြို့သားများဖြင့် နေ့ညမပြတ် ပျားပန်းခပ်မျှစည်ကားလျက်ရှိ၏။ အထူးသဖြင့် ညပိုင်းတွင် မွန်ဘိုင်းမြို့က ပိုမိုသက်ဝင်စည်ကား၏။

မွန်ဘိုင်းအမြင်

မွန်ဘိုင်းမြို့တွင်းသို့ ရှားရှားပါးပါး အချိန်လု၍ ကျွန်တော်တို့ ခေတ္တလေ့လာခဲ့သည်။ မိုးထိအထပ်မြင့် အဆောက်အအုံများကား အထူးများပြား၏။ သာမန်လူတန်းစားရပ်ကွက်များအတွင်း ဆောက်လုပ်ဆဲ မိုးထိလူနေအဆောက်အအုံအများအပြားကိုလည်း သတိပြုမိသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရာမြို့ပီပီ မြို့သူ၊ မြို့သားများကလည်း တစ်ပိုင်တစ်နိုင် စီးပွားရှာကောင်းကြသည်။ ရန်ကုန်မြို့လယ်ရှိ လမ်းဘေးဈေးဆိုင်တန်းများကဲ့သို့ မွန်ဘိုင်းလမ်းဘေးဈေးဆိုင်များတွင်လည်း ကမ္ဘာလှည့်ခရီးသွားများ ခြေချင်းလိမ်မျှ သွားလာနေကြသည်။ အိန္ဒိယဖြစ် လက်ကောက်ပုတီးများ၊ ဆာရီဝတ်စုံများ၊ အဝတ်အထည်များ၊ သားရေအိတ်များဖြင့် ပစ္စည်းမျိုးစုံလှ၏။ ဈေးနှုန်းမှာမူ ရန်ကုန်ထက်ကြီးမြင့်၏။

ဟိုတယ်စာများကို အနည်းငယ်ရိုးအီလာသည်ကတစ်ကြောင်း၊ လေ့လာလို၍ တစ်ကြောင်းကြောင့် ကော်ဖီဆိုင်ထိုင်ဖြစ်၏။ ထမင်းဝယ်စားဖြစ်၏။ အစားအသောက်ဈေးနှုန်းမှာမူ သင့်မြတ်လှ၏။ ကော်ဖီတစ်ခွက် ရူပီး ၅၀၊ စီးကရက်တစ်ဘူး ရူပီး ၁၀၀၊ ထမင်းတစ်ပွဲ ရူပီး ၇၀၊ ပန်းသီးတစ်ကီလို ရူပီး ၆၀ ဖြစ်၏။ အမေရိကန် ဒေါ်လာနှုန်းအားဖြင့် တစ်ဒေါ်လာဝန်းကျင်နှင့် တစ်ဒေါ်လာကျော်မျှသာရှိ၏။

ကျွန်တော်တို့တည်းခိုရာ မွန်ဘိုင်းမြို့ရှိ နာမည်ကျော် Taj Mhal Palace Hotel ရှေ့တွင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ထားသည့် မြင်းရထားလှည်းများ ရပ်နားလေ့ရှိ၏။ ညပိုင်းတွင် မြင်းရထားလှည်းများမှာ ရောင်စုံမီးများ ခြယ်သ၍ ကမ္ဘာလှည့်ခရီးသွားများကို မပြတ်တင်ဆောင်သွားလာလျက်ရှိ၏။ အမှတ်တရဓာတ်ပုံရိုက်ကူးသူများအတွက် ဓာတ်ပုံဆရာ တစ်ရာကျော်မျှရှိ၏။ ချက်ချင်းရိုက်ချက်ချင်းပုံထွက်သည့် ပိုလာရိုက်ကင်မရာ အမျိုးအစားများဖြင့် ချက်ချင်းပုံထုတ်ပေးသည်။ လက်ဖက်ရည်ခွက်ငယ်တစ်ခွက်ကို ရူပီး ၂၀ ဖြင့် ရောင်းချသူများ၊ ရူပီး ၃၀ ဖြင့် ဖိနပ်တိုက်ပေးသူများကလည်း မနည်းလှ။ ဆိုရသော် ကမ္ဘာလှည့်ခရီးသွားများ၏ ပိုက်ဆံကို

ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင် ဖိတ်ခေါ်လျက်ရှိသည့် မွန်ဘိုင်းမြို့မှ မြင်းရထား။

ကိုယ့်အိတ်ထဲရောက်အောင် တစ်ပိုင်တစ်နိုင် လွတ်လပ်စွာ ကိုယ်စီကိုယ်စီ စီးပွားရှာဖွေနိုင်စွမ်း ရှိကြသည်။

အိန္ဒိယ၏ သမီးပျို

နယူးဒေလီသည် အိန္ဒိယ၏ မိခင်မြို့တော်ဟုဆိုရလျှင် မွန်ဘိုင်းသည် သွက်လက်တက်ကြွသည့် အိန္ဒိယ၏ သမီးပျိုမြို့တော်ဟု ဆိုရမည်။ နယူးဒေလီ၏ ခမ်းနားတည်ငြိမ်မှုသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်နှင့် ပမာပြုရမည်ဖြစ်ပြီး မွန်ဘိုင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် တူနှိုင်းပြုရပေမည်။ သို့သော် ရန်ကုန်သမီးပျိုကား မွန်ဘိုင်းသမီးပျို၏ လှပသောဝတ်ရုံနှင့် သွက်လက်တက်ကြွမှုကို လတ်တလော လိုက်၍ မမီနိုင်သေးချေ။

မှတ်မှတ်ရရ

မွန်ဘိုင်းမြို့သို့ရောက်ခိုက် မှတ်မှတ်ရရအဖြစ်မိဆုံးသည်ကား တစ်နေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွဲ့တွင် တာဝန်အသီးသီးဖြင့် လိုက်ပါခဲ့ကြသော လူငယ်များကို အမိကထား၍ သူ့အခန်းသို့ ခေါ်တွေ့ပြီး “ဒီဟိုတယ်အခန်းထဲက မြင်နေရတဲ့ မွန်ဘိုင်းကမ်းခြေနဲ့ မွန်ဘိုင်းရှေးဟောင်းဂိတ်အဆောက်အအုံကို ကြည့်ကြ။ ပြီးရင် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေစဉ်းစားထားပြီးပြီလဲ” ဟူ၍ မေးမြန်းခဲ့သည့် မေးခွန်းပင်။

မွန်ဘိုင်းအတွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ မေးခွန်းမှတစ်ဆင့် သူ၏ နှလုံးသားရင်တွင်းမှ ခံစားချက်များ၊ နိုင်ငံနှင့် လူမျိုးအပေါ်ထားရှိသည့် သူ၏ စေတနာမေတ္တာများကို ကျွန်တော် မြင်တွေ့လိုက်ရသည်။ မှတ်မှတ်ရရဖြစ်မိသည်။ ဤသည်မှတစ်ဆင့် ကျွန်တော်၏ မွန်ဘိုင်းမြို့မှ အတွေးစတို့သည် ရင်တွင်းစီးဆင်းလာပေသည်။ ကျွန်တော်တို့နိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ်လူငယ်များ ညီညွတ်ဖို့လိုသည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ ညီညွတ်ဖို့လိုသည်။

နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများ ညီညွတ်ဖို့လိုသည်။ ခြုံငုံ၍ဆိုရသော် အမျိုးသားကြီးပွားတိုးတက်ရေးအတွက် တစ်တိုင်းတစ်ပြည်လုံး စည်းလုံးညီညွတ်ဖို့လိုသည်။ ထိုထိုသော စည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံမှ ထိုက်တန်သောနေရာကို ပြန်လည်ရရှိရန်နှင့် ဒေသတွင်း အာရှကျားတစ်ကောင် ထပ်မံမွေးဖွားလာစေရန် ကျရာကဏ္ဍမှ ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်းဖြင့် ပြိုင်တူရွှေ့ကြဖို့လိုကြောင်း ဤသို့ တွေးမြင်ခံစားမိပါတော့သည်။ ။

မွန်ဘိုင်းမြို့၏ ဖွံ့ဖြိုးစည်ပင်မှုကို ဤသို့ တွေ့မြင်ခဲ့ရသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ် တည်ထောင်ရေးစီမံကိန်းကို ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကျွမ်းကျင်လုပ်သားပြုစုပျိုးထောင်နိုင်ရန်၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသအတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာကူးပြောင်းလုပ်ကိုင်နိုင်ရန်နှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း။

ယခုအခါ အမျိုးသားအဆင့် ကျွမ်းကျင်မှု “စံ”များ သတ်မှတ်ရေးနှင့် ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးရေး၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ် တည်ထောင်ရေးစီမံကိန်းကို ဆောင်ရွက်နေကြောင်း၊ အဆိုပါ အဖွဲ့အနေဖြင့် အလုပ်အကိုင် ၁၅၅ မျိုး၏ လုပ်ရည်ကိုင်ရည် ကျွမ်းကျင်မှု “စံ”များ ရေးဆွဲပြီးဖြစ်ရာ ၅၅ မျိုးမှာ အစိုးရအဖွဲ့က နိုင်ငံအဆင့် ကျွမ်းကျင်မှု “စံ”အဖြစ် ပြဋ္ဌာန်းခွင့်ပြုပြီးဖြစ်ကြောင်း။

ဆက်လက်၍ ဦးစားပေးအလုပ်အကိုင်များ ရွေးချယ်လျက် ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ “စံ” သတ်မှတ်ပြဋ္ဌာန်းခြင်းလုပ်ငန်းသည် အနာဂတ်ကာလ မျိုးဆက်သစ်အလုပ်သမားများအတွက် အမွေခံကောင်းများ ရရှိစေမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အလုပ်သမားများအနေဖြင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိထားခြင်းဖြင့် မိမိလုပ်ငန်းတွင် အာမခံချက်ရှိရှိ လုပ်ကိုင်နိုင်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်လာနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအတွက် စစ်ဆေးရေးဌာနများအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၌ ဖွဲ့စည်းထူထောင်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုနှင်းသဘင်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပဉ္စမဆုရ ကျောင်းသူ မခနိ့ရတနာတင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးရွှေဆွဲပြားဆု ချီးမြှင့်စဉ်။ (ပညာရေး)

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖြင့် သတင်းပေးပို့မှုများကြောင့် လူကုန်ကူးခံရသူများနှင့် ပျောက်ဆုံးသောသူများ စုံစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ပြည်သူလူထုမှ လူကုန်ကူးမှုဆိုင်ရာ သတင်းပို့နိုင်ရေးအတွက် လူကုန်ကူးမှုဆိုင်ရာ Hot Line ဖုန်းနံပါတ်များကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့၌ စတင်ထူထောင်ခဲ့သည်။

ထိုနေ့မှစ၍ သုံးလအတွင်း သတင်းပေးတိုင်ကြားမှု ပြည်တွင်း ၁၀၅ ကြိမ်၊ ပြည်ပ သုံးကြိမ် စုစုပေါင်း ၁၀၈ ကြိမ် လက်ခံရရှိပြီး လူကုန်ကူးမှုလေးမှုမှ တရားခံလေးဦးအား အရေးယူ၍ လူကုန်ကူးခံရသူ ခြောက်ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း၊ လူပျောက်တိုင်ချက် ၃၃ ကြိမ် လက်ခံခဲ့ရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ၏ ကြိုးပမ်းစုံစမ်းဖော်ထုတ်မှုကြောင့် ကလေးသူငယ်များအပါအဝင် ပျောက်ဆုံးသူ ၂၂ ဦး ပြန်လည်တွေ့ရှိခဲ့ပြီး မိဘဆွေမျိုးများထံ အသိပေးအကြောင်းကြားခြင်းနှင့် အချို့ပျောက်ဆုံးသူများအား မိဘများနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့အပြင် လစာငွေကျပ် လေးသိန်းရရှိမည်ဟု စည်းရုံးပြီး တစ်ဖက်နိုင်ငံရှိ လှျပ်စစ်ပစ္စည်းစက်ရုံတွင် သွားရောက်အလုပ်လုပ်ကိုင်သူ ၅၁ ဦးတို့သည် လစာငွေကျပ် နှစ်သိန်းသာ ရရှိခြင်း၊ အချိန်ပိုများစွာ လုပ်ဆောင်ရခြင်း စသည်ဖြင့် ဖိနှိပ်မှုခံစားရကြောင်း Hot Line ဖြင့် သတင်းပို့တိုင်ကြားခဲ့သဖြင့် သက်ဆိုင်ရာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအရ ၅၁ ဦးစလုံးအား မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပြန်လည်ခေါ်ယူ၍ လုပ်ပွဲစားသုံးဦးအား တည်ဆဲဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း။

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖုန်းနံပါတ်များမှာ နေပြည်တော် ၀၆၇-၄၁၂၅၅၅ နှင့် ၀၆၇-၄၁၂၆၆၆၊ ရန်ကုန် ၀၉-၄၉၅၅၅၈၈၈ နှင့် ၀၉-၄၉၅၅၅၉၉၉၊ မန္တလေး ၀၉-၄၉၅၅၅၇၇၇၊ မူဆယ် ၀၉-၄၉၅၅၅၆၆၆ တို့ဖြစ်ပြီး ၂၄ နာရီ သတင်းပို့နိုင်ကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း ➢➢ ဘာသာပြန်-မောင်ဇော်

ဘေးထွက်ဆိုးကျိုးများဖြစ်စေသည့် အသည်းရောဂါဆေး

အသည်းရောဂါအချို့အတွက် ကုသသော ဆေးတစ်မျိုးသည် အချို့သော အသည်းရောဂါလူနာတချို့တွင် ဘေးထွက်ဆိုးကျိုးများဖြစ်စေသည်ကို တွေ့ရှိရကြောင်း ကနေဒါကျန်းမာရေးအကြံပေးအဖွဲ့တစ်ဖွဲ့တွင် ဆေးဝါးထုတ်လုပ်သူများက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါအသည်းရောဂါကုသဆေးမှာ ယူဆိုဒိုင်အော (Ursodiol)ဖြစ်ပြီး ၎င်းကို ယူဆိုဒီအောက်ဆီခိုလစ် (Ursodeoxycholic)အက်စစ်ဟု လူသိများသည်။ တံဆိပ်အမျိုးမျိုးတပ်၍ ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများက ထိုဆေးကို ရောင်းချခဲ့ကြသည်။ တစ်သျှူးများမာလာ၍ သည်းခြေပြွန်များရောင်နေသော အသည်းရောဂါဖြစ်နေသည့် လူနာများအားကုသရန် အဆိုပါဆေးကို အသုံးပြုခဲ့ကြသည်။

တစ်သျှူးများမာလာ၍ သည်းခြေပြွန်များရောင်နေသည့် အခြေအနေမှာ အသည်း၏ အတွင်းနှင့်အပြင်ရှိ သည်းခြေပြွန်များပျက်စီးခြင်း၊ အမာရွတ်များ ဖြစ်နေခြင်းနှင့် ရောင်နေခြင်း အမှတ်အသားအဆင့်ဖြစ်သည်။ လူနာများတွင် ထိုရောဂါများကြောင့် အခြားသောအခြေအနေများဖြစ်သည့် ခန္ဓာကိုယ်ခုခံစွမ်းနိုင်ခြေ၏ ချို့ယွင်းမှုကြောင့် ကိုယ်ပိုင်တစ်သျှူးများပျက်စီးခြင်း၊ နာတာရှည်ပန်ကရိယရောင်ခြင်းနှင့် အူလမ်းကြောင်းရောင်ရမ်းသည့် ရောဂါအခြေအနေများလည်းဖြစ်နိုင်သည်။ ဆေးဝါးကုသမှုဆိုင်ရာ လေ့လာမှုတွင် လူနာများအား ယူဆိုဒိုင်အော(Ursodiol) နှစ်ကြိမ်သောက်ရန်ထောက်ခံပါက အသည်းသွေးခဲအရည်ကြည်များ တိုးတက်လာခဲ့သည်။

Placebo သုံးသည့် လူနာများနှင့် နှိုင်းယှဉ်ပါက အခြားသော ဆန့်ကျင်ဘက်စိုးရိမ်ရသည့် အခြေအနေများဖြစ်သည့် အစာခြေပြွန်သွေးကြောများရောင်ခြင်း၊ အသည်းအစားထိုးကုသရန် လိုအပ်လာခြင်း(သို့) သေဆုံးနိုင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ တစ်သျှူးများမာလာ၍ သည်းခြေပြွန်ရောင်သောရောဂါသည် ရောဂါတိုးလာနေစဉ်အတောအတွင်း အထက်ဖော်ပြပါ စိုးရိမ်ရသည့် အခြေအနေ ဘေးထွက်ဆိုးကျိုးများနှင့် ဆက်စပ်နေသည်ဟု သတင်းတွင်ဖော်ပြသည်။

မော်လမြိုင်မြို့နယ် ပညာရေးမိသားစုက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပစဉ်။ (၃၀၇)

ခရီးသည်တင်ယာဉ်များ မောင်းရန် အမျိုးသမီးနှစ်ဦး လျှောက်ထား လတ်တလောတွင် မောင်းနှင်ခွင့်ရဦးမည်မဟုတ်သေး

ရန်ကုန် ဇန်နဝါရီ ၁၂

ခရီးသည်တင်ယာဉ်များ၌ ယာဉ်မောင်းအဖြစ် မောင်းနှင်ခွင့်ရရှိရန် အမျိုးသမီးနှစ်ဦးက လာရောက်လျှောက်ထားခြင်းများရှိလာသော်လည်း လတ်တလောအခြေအနေအရ မောင်းနှင်ခွင့်ပြုမည်မဟုတ်သေးကြောင်း မထသ (ဗဟို)မှ သိရသည်။

“သူတို့က မောင်းနှင်ချင်တဲ့စိတ် ဆန္ဒရှိတာတစ်ခုတည်းနဲ့ လျှောက်ကြတာ။ လာလျှောက်တဲ့နှစ်ဦးစလုံးမှာ “င”လိုင်စင် မရှိကြသေးပါဘူး”ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ခရီးသည်တင်ယာဉ်လိုင်းများတွင် အမျိုးသမီးများကို ဝင်ရောက်လုပ်ကိုင်စေခြင်းဖြင့် အရက်သေစာသောက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ရန်လိုတတ်ခြင်းတို့မှ ဖြစ်လာသော ယာဉ်မတော်တဆဖြစ်ပွားရာ အခြေခံအကြောင်းရင်းများကို လျှော့ချနိုင်မှာဖြစ်သည့်အတွက် အမျိုးသမီးယာဉ်လုပ်သားများကို ဖိတ်ခေါ်ထားလျက်ရှိရာ ယာဉ်မောင်းအဖြစ် လျှောက်ထားသူနှစ်ဦးရှိပြီး ယာဉ်နောက်လိုက်အဖြစ် လျှောက်ထားလာသူမရှိသေးကြောင်းသိရသည်။

ထိုသို့လျှောက်ထားလာသော အမျိုးသမီးယာဉ်မောင်းနှစ်ဦးတွင် တစ်ဦးမှာ “ဂ” လိုင်စင်သာရှိပြီး ကျန်တစ်ဦးမှာ “ဃ” လိုင်စင်သာရှိကြကြောင်း၊ ခရီးသည်တင်ယာဉ်ကြီးများ မောင်းနှင်ခွင့်ရရှိရန်မှာ “င” လိုင်စင်ရှိထားရန်လိုအပ်ပြီး “င” လိုင်စင်ဖြင့် လျှောက်ထားလာသူများရှိပါက လိုအပ်သော ကျွမ်းကျင်မှုစစ်ဆေးဆောင်ရွက်ပြီးမှ မောင်းနှင်ခွင့်ပြုရန် စဉ်းစားကာ လွဲမှားခြင်းမျိုးတစ်စုံတစ်ရာ မဖြစ်လာစေရန် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

အလယ်တန်းဆင့် အေရိုးဗစ်ပြိုင်ပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ မူလတန်းဆင့် ကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် လေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် အလယ်တန်းဆင့် အေရိုးဗစ်ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းအားလုံးမှ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ဖွင့်လှစ်ပြီးနောက် မူလတန်းဆင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းပြိုင်ပွဲအားလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် အလယ်တန်းဆင့် အေရိုးဗစ်ပြိုင်ပွဲအားလည်းကောင်း ကျင်းပကာ ပြိုင်ပွဲအလိုက် ဆုရအသင်းများအား မြို့နယ်ပညာရေးမှူး ဦးစံကျော်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

(၅၇၈)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး တက်ရောက် အာဆီယံအသိုက်အဝန်း ထူထောင်မှုကိစ္စရပ်များနှင့် အရေးကြီးသည့် အာဆီယံရေးရာကိစ္စများကို ဆွေးနွေး

နေပြည်တော် 　　 ဇန်နဝါရီ 　　 ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟိုနမ်ဟောင်၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

သီးသန့်အစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အာဆီယံအသိုက်အဝန်း ထူထောင်မှုကိစ္စရပ်များနှင့် အရေးကြီးသည့် အာဆီယံရေးရာကိစ္စများကို ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ ထူထောင်ရေး၊ အာဆီယံပေါင်းစည်းရေးကြိုးပမ်းမှုနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်း အကောင်အထည်ဖော်ရေးတို့အတွက် ၎င်းတို့၏ သန္နိဋ္ဌာန်ချမှုကို ထပ်လောင်းအတည်ပြုကြသည်။ ထို့အပြင် အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ၏ ဆောင်ပုဒ်ဖြစ်သည့် "ရည်မှန်းချက်တစ်ခုတည်းထားရှိသည့် အာဆီယံအသိုက်အဝန်း - ASEAN One Community, One Destiny" အောင်မြင်ရေးအတွက် အာဆီယံနိုင်ငံများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒပြုခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုတွင် တောင်တရုတ်ပင်လယ်ဆိုင်ရာကြေညာချက် အကောင်အထည်ဖော်ရေးကိစ္စ၊ ကိုရီးယားကျွန်းဆွယ်ကိစ္စရပ်များအပြင် ဒေသတွင်းပုံဖော်မှု၏ ပြောင်းလဲမှုဖြစ်စဉ်တွင် အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရေး၏ အရေးပါမှုများကို ဆွေးနွေးခဲ့သည်။

သီးသန့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားရှိနေသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရေးအတွက် အာဆီယံက ဆက်လက်ထောက်ခံမှုပြုရေးနှင့် မြန်မာနိုင်ငံကိစ္စကို မြန်မာနိုင်ငံပြင်ပ၌ ဒေသဆိုင်ရာသို့မဟုတ် နိုင်ငံတကာ မည်သည့်အစည်းအဝေးကိုမျှ ပြုလုပ်ခြင်းကို လက်ခံမှုမပြုရေးကိစ္စများကို ဆွေးနွေးရာ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုခဲ့သည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေးကို ထပ်ဆင့်ထောက်ခံခဲ့ကြသည်။ မြန်မာနိုင်ငံပြင်ပ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မည်သည့်နိုင်ငံတကာ အစည်းအဝေးကိုမျှ ကျင်းပရန် လိုအပ်မှုမရှိတော့ကြောင်းကိုလည်း ထောက်ခံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆီရမ်ရိမြို့၌ရှိနေစဉ် ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟိုနမ်ဟောင်နှင့် ဆိုကာအန်ကောဟိုတယ်၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများနှင့် အာဆီယံတွင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမတိုင်မီ ကျင်းပသော အာဆီယံဆိုင်ရာ အမြဲတမ်းကော်မတီအစည်းအဝေးသို့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးညဏ်လင်းကလည်းကောင်း၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က လည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးမည့်ကိစ္စ ပူးပေါင်းဆောင်ရွက်နိုင်မှုများ ဆွေးနွေး

နေပြည်တော် 　 ဇန်နဝါရီ 　 ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) Chairman, Mr. Kazuo Furukawa နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး**(ဓါတ်ပုံ)** ကျေးလက်ဒေသများ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးမည့်ကိစ္စများတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထားဝယ်-ရေး လမ်းပိုင်း ပြုပြင်ဆောင်ရွက်

နေပြည်တော် 　 ဇန်နဝါရီ 　 ၁၂

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ထားဝယ်-ရေး လမ်းပိုင်း ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကလိန်အောင်မြို့နယ်ခွဲ ပေါက်ပင်ကွင်းကျေးရွာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် ကလိန်အောင်-မလွဲတောင်လမ်း လမ်းခင်းကျောက်ထုတ်စခန်းနှင့် လမ်းအထူးအဖွဲ့ (၁၆)က ဆောင်ရွက်လျက်ရှိသည့် ကျောက်ရောမြေသားလမ်းပြုပြင်ခြင်း၊ လမ်းချဲ့ထွင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။**(ယာပုံ)**

ထိုမှတစ်ဆင့် ကော့လိုင် ၉/၅၃ တံတားပြုပြင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလိန်အောင်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလိန်အောင်မြို့ ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၁၂ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာရှနာဋ္ဌိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"မူလတရားအဝိဇ္ဇာရှင်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၈)**
၈း၄၅	Four FLAVOURS Show (Part-4)
၉း၄၀	သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄) ရပ်ကွက် သန္တာလမ်းမိသားစုရဲ့ (၆၄)ကြိမ်မြောက်လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် (၁၁)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်
၉း၅၀	Movie Talk
၁၀း၁၅	ပရိယတ္တိ သာသနာတော်မြတ်အတွက် အာမိသပူဇာ
၁၀း၃၀	Activities In The City
၁၀း၄၅	မဆုတ်မနစ်ကြိုးစားခဲ့သူများ၏ အောင်မြင်သောနေ့
၁၁း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁၁း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၂၃)**
၁၂း၀၀	Activities In The City
၁၂း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၅)**
၁း၀၀	"မူလတရားအဝိဇ္ဇာရှင်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၈)**
၃း၀၅	Activities In The City
၃း၂၀	MNL MYANMAR 2012 (Magwe FC Vs Yadanarbon FC) (LIVE)
၅း၃၀	Activities In The City
၅း၄၀	ပုဂံမြေမှ သာသနာ့ဂုဏ်ဆောင် ငါးဆူဓာတ်ကိန်းရွှေပြည်ငြိမ်း
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၆)**
၇း၁၅	Four FLAVOURS Show (Part-5)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Road To Life & Dance 10th Anniversary
၈း၄၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၈း၅၅	Style ရှိမှ Star ဖြစ်မယ်
၉း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၉)**
၁၀း၂၅	Fashion Week
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၂၄)**
၁၁း၁၀	အနုပညာမိုးကောင်းကင်
၁၁း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း
၁၂း၁၅	အမျိုးသမီးများနှင့်သက်ဆိုင်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၁၂း၃၅	VJ Choice
၁း၁၀	သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတီစိမ်းပန်းတိုင်"
၁း၂၀	Intellectual Talk
၂း၀၀	SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၂း၁၅	ဘဝများ (ဝဏ္ဏခွာနီး)
၂း၄၀	CUISINE TIPS (ဂျပန်ရိုးရာ ပင်လယ်စာ HOT POT ပြုလုပ်နည်း)
၂း၄၅	ရှမ်းမြောက်မြေက. . . မွေးကြိုင်သင်းပျံ့. . . ဝူးလုံရနံ့
၂း၅၅	World of Knowledge
၃း၄၅	ချောက်မြို့နှင့် (၄)မိုင်အကွာ. . .
၄း၀၀	နတ်လူသာဓုခေါ် စေသောဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၄း၂၀	မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
၄း၃၅	ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင်
၅း၀၀	အစီအစဉ်ပြီး။

လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသို့ လှူဒါန်း

မန္တလေး 　 ဇန်နဝါရီ 　 ၁၂

လစဉ် လူတစ်ဦး ကျပ်တစ်ထောင်စုကာ ခြောက်လတစ်ကြိမ် ဆင်းရဲသော နေရာများသို့ သွားရောက်လှူဒါန်းလေ့ရှိသည့် မန္တလေးမြို့မှ စိတ္တသုခပရဟိတလူငယ်များ၏ (၆) နှစ်ပြည့် အလှူအဖြစ် ဇန်နဝါရီ ၄ ရက်တွင် မိတ္ထီလာမြို့ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၌ သွားရောက်လှူဒါန်းကြသည်။**(ယာပုံ)** ထိုခရီးစဉ်တွင် စိတ္တသုခပရဟိတလူငယ် ၃၀ ကျော်ပါဝင်ပြီး တစ်တင်းခွဲဆံ့ ဆန်အိတ် ၅၁ အိတ်၊ အသားတုံ နှစ်အိတ်၊ အလှူငွေကျပ် တစ်သိန်းနှင့် ကျောင်းသား ၁၂၆ ဦးအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင် အစရှိသည့် စာရေးကိရိယာများ၊ မုန့်ဖိုးကျပ်တစ်ထောင်စီနှင့် မုန့်မျိုးစုံအား လှူဒါန်းကြသည်။ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသည် မိဘမဲ့လူငယ်များ၏ ဘဝရှေ့ရေးခိုင်မာစေရန်၊ လေလွင့်လူငယ်များ ပပျောက်စေရန်၊ ဒေသအလိုက် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း လူမှုအခွင့်အရေး ဆုံးရှုံးနေသည့် မိဘမဲ့ကလေးများအား လေလွင့်ပျက်စီးခြင်းမှ ကင်းဝေးစေပြီး မိမိခြေပေါ်တွင် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် အဆိုပါကျောင်းတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ၁၂၅ ဦးရှိပြီး တက္ကသိုလ်တက်နေသူ တစ်ဦးရှိသည်။ ထိုကျောင်းသားများတွင် မိဘမဲ့ ၃၀၊ အဖမဲ့ ၃၅ ဦး၊ အမိမဲ့ ၂၈ ဦး၊ ဆင်းရဲသူဦးရေ ၃၃ ဦး စုစုပေါင်း ၁၂၆ ဦးသည် ကျောင်းအိပ်၊ ကျောင်းစား ပညာသင်နေကြသည်။ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးကျောင်းသည် မိတ္ထီလာမြို့နှင့် ငါးမိုင်အကွာ ညောင်ကိုင်းနယ်မြေ တောမအုပ်စု ဥယျာဉ်ရွာအနီးတွင် တည်ရှိသည်။ (ဝဝ၂)

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် 　 ဇန်နဝါရီ 　 ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် သမားတော်ကြီး ပါမောက္ခ ဦးနေဝင်း (MBBS, MMedSc, MRCP (UK), FRCP (Edin), Dip Med Sc, Dr. Med Sc (Gen Med) က ကျန်းမာသောလူနေမှုပုံစံနှင့် သွေးချိုရောဂါ " Healthy Life Style and Diabetes" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ တပ်မတော်မှ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စီးနင်းလိုက်ပါလာသော ထိုင်းတပ်မတော်အထူးလေယာဉ်အား ဝေဟင်ထက်တွင် ထိုင်းဘုရင့်လေတပ်မှ Gripen 39 C / D အမျိုးအစား တိုက်လေယာဉ် နှစ်စင်းတို့က ပျံသန်း၍ ခရီးဦးကြိုဆိုကြပြီး ထိုင်းဘုရင့်လေတပ် Wing-7 သို့ ရောက်ရှိသည်အထိ ဘေး ဘယ်/ညာမှ တစ်စင်းစီ ခြံရံလျက် လိုက်ပါပို့ဆောင်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့သည် ထိုင်းဘုရင့်လေတပ် Wing-7 သို့ ရောက်ရှိလာရာ ဌာနချုပ်မှူး Colonel Panpakdee Pattanakul နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်လေတပ် Wing-7 ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနေစဉ်တွင် တိုက်လေယာဉ်တစ်စင်းက အနီးကပ်ပျံသန်း၍ ဦးညွှတ်အလေးပြုသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ရှင်းလင်းခန်းမတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Wing-7 ၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား Gripen 39 C/D အမျိုးအစား တိုက်လေယာဉ်၏ စွမ်းရည်ပြမောင်းနှင်ပျံသန်းမှုကို ပြသသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် Wing-7 ရှိ တိုက်လေယာဉ်များကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် ထိုင်းတပ်မတော်အထူးလေယာဉ်ဖြင့် ဖူးခက်မြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Hilton Hotel Ballroom - A ၌ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း များ အပြန်အလှန် လဲလှယ်ကြသည်။ ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မီးရှူးမီးပန်းများ ပစ်ဖောက်၍ ချစ်ကြည်ရင်းနှီးစွာဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ကမ္ဘာ့အကြီးဆုံးမှ

နက္ခတ္တဗေဒ လေ့လာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် နိုင်ငံများ ပူးပေါင်းဆောင်ရွက်သော ပထမဆုံးနက္ခတ်တာရာ လေ့လာရေးစခန်း ပေါ်ထွန်းလာမည်ဖြစ်သည်။

ယင်းစခန်းကို တည်ဆောက်ရာ၌ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ဆောက်လုပ်မှု ကုန်ကျစရိတ်ကို မျှဝေကျခံကြရမည်ဖြစ်သည်။ နက္ခတ်တာရာလေ့လာရေးစခန်း တည်ဆောက်ရေးစီမံကိန်းအတွက် ဒေါ်လာ ၁ ဘီလီယံ ကျခံသုံးစွဲရမည်ဟု မျှော်လင့်ရသည်။

ဟာဝိုင်ယီ၌ တည်ဆောက်မည့် နက္ခတ်တာရာလေ့လာရေးစခန်းသည် ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အရှိဆုံးစခန်းအဖြစ် တည်ရှိလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအမျိုးသား နက္ခတ္တဗေဒလေ့လာရေးသိပ္ပံမှ ပါမောက္ခ ရှာဒီမော်က ပြောကြားသည်။

အင်တာနက်။

ဇန်နဝါရီ ၃ ရက်က အထက(၁)အင်းစိန်၌ အင်းစိန်မြို့နယ် ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ မြို့နယ်အဆင့် ပထမဆုရ အထက(၂)အင်းစိန် ဝတ်အသင်းအား ခရိုင်ပညာရေးမှူး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။

(ပညာရေး)

စာအုပ်စာပေ လူ့မိတ်ဆွေ

✻ ရွှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

❑ကျောဖုံးမှ

ပညာပေး ၃၆၉ ဧက စိုက်ခင်းသို့ သွားရောက်၍ GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ခင်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခနှင့်ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း ခုနစ်ကျောင်း၊ အထူးပြုကျောင်း နှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ၂၀၁၁-၂၀၁၂ ခုနှစ် နေပြည်တော် ကောင်စီနယ်မြေတွင် နွေစပါးနှင့် GAP စနစ်ဖြင့် စိုက်ပျိုးရန် လျာထားဧကများအတွက် ရေအလုံအလောက်ပေးဝေနိုင်စေရန် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တစ်ဧက အထွက်နှုန်း တင်း ၂၀၀ အထက် ထွက်ရှိမည့် ပုလဲသွယ် စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နေပြည်တော်ကောင်စီရှစ်မြို့နယ်အတွင်း တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေရေးအတွက် ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါးများ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေမှု၊ GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့် သက်သာ၍ တစ်နိုင်ငံလုံး စိုက်ဧကသန်း ၂၀ အတွက် မျိုးစေ့တင်း သန်း ၄၀ ခန့် လက်တွေ့ သက်သာမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ အထူးပြုကျောင်းများမှ ပါမောက္ခနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံကျကျ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည့် ဥယျာဉ်မှူးများဖြစ်သည့်အလျောက် တာဝန်သိစွာ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်းအတွင်း GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စပါးစိုက်ပျိုးနေကြသည့် ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် စိုက်ကွက်မြေဧရိယာအတွင်း တောင်သူများ စပါးစိုက်ပျိုးနေမှု၊ ကုန်ထုတ်လမ်းများ၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ပင်မရေနုတ်မြောင်းကြီး၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး F (1) ပျိုးခင်းများ၊ စိုက်ပျိုးပြီးစီးသည့် ပုလဲသွယ် စပ်မျိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပစ်တိုင်းထောင် စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် ပျိုးခွက်များဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုးစပါး F(1) ပျိုးပင်များ၏ အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ အဆင့်မြင့်လယ်ယာမြေ ဧကတစ်ထောင် ဖော်ထုတ်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဘိုနီကြီးကွင်း စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဟက်တာ ၂၀ စိုက်ကွင်းသို့လည်းကောင်း သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ဧက ၅၀၀ တောင်သူပညာပေး စံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး ၂၀ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး စပါးပျိုးခင်းနှင့် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရန်အတွက် မျိုးစေ့သန့်စင်စက်၊ မျိုးစေ့ထုတ်စက်၊ ဆေးလူးနယ်စက်၊ ထုပ်ပိုးမှုစနစ်အဆင့်ဆင့်နှင့် ထုပ်ပိုးဆောင်ရွက်ထားရှိပြီး ဖြန့်ဖြူးရန်အသင့်ဖြစ်နေသည့် မျိုးစေ့ထုပ်များနှင့် အဆင့်မြင့်ဆန်အရည်အသွေးရရှိရန် ကြိတ်ခွဲဆောင်ရွက်နေသည့် အဆင့်မြင့်ဆန်စက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုနေရာသည် တောင်သူပညာပေး စက်မှုလယ်ယာစနစ် စံပြစိုက်ကွင်းဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ၊ ကြံ၊ ဝါနှင့် စပါး၊ တောင်သူတွက်ခြေကိုက်မည့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ ပန်းတိုင်အထွက်တိုးရရှိစေရန် စိုက်ပျိုးပြသထားရှိကြောင်း၊ နိုင်ငံတော်၏ ဗဟိုချက်မဖြစ်သော နေပြည်တော်မှ စတင်ဆောင်ရွက်ပြသပြီး တစ်နိုင်ငံလုံးသို့ ပျံ့နှံ့စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

အထူးအထွက်တိုးလာစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း ခုနစ်ကျောင်း၊ အထူးပြုကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား အထူးအထွက်တိုးစပါးတစ်ဧက တင်း ၂၀၀ အထက်ထွက်ရှိရန် ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းခုနစ်ကျောင်း၊ အထူးပြုကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများအား တစ်ဧက တင်း ၂၀၀ ထွက်ရှိစေရန်နှင့် စံနမူနာပြစိုက်ခင်းများ ပေါ်ထွက်လာစေရန် တစ်ဦးချင်းစီအား အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး ၁၀ ဧကစာ မျိုးစေ့များကို ထောက်ပံ့ပေးပြီး စိုက်ပျိုးရန်တာဝန်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် "Green House System" ဖြင့် ပန်းအလှပင် အမယ်စုံ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ အဖိုးတန်ရှားပါးသစ်ခွမျိုးကွဲ များစွာ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ခေတ်မီအဆင့်မြင့် စိုက်ပျိုးနည်းပညာများ အသုံးပြု၍ ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရေးအတွက် ပညာပေးဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ အဆင့်မြင့်ရေဖျန်းနည်းပညာစနစ် (Sprinkler) အသုံးပြု၍ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗီယက်နမ်မျိုးစေ့ကုမ္ပဏီ (Vietranimex)တို့ ပူးပေါင်းစိုက်ပျိုးထားရှိသော ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး F(1) စိုက်ခင်းကိုလည်းကောင်း၊ တစ်ဧကပျမ်းမျှ တန် ၆၀ အထက်ထွက်ရှိမည့် မျိုးသန့်မျိုးပွား ကြံ ၁၀ ဧက စိုက်ခင်းကို လည်းကောင်း၊ တစ်ဧကပိဿာ ၁၀၀၀ ထွက်ရှိနိုင်မည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ပျိုးရန် မြေပြင်ဆင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ အလျင်လိုကျေးရွာအနီးရှိ တောင်သူပညာပေး ၃၆၉ ဧက စိုက်ခင်း၌ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရေးကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ တောင်သူဦးလှမြင့်၏ ဆင်းပဒေသာ ၁၁ မြေပဲစိုက်ပျိုးအောင်မြင်မှု၊ ကျေးရွာ၏ ရတနာစာကြည့်တိုက်၊ ကျေးလက်ကျန်းမာရေးဌာနနှင့် အခြေခံပညာ မူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘူးကိုင်းစံပြကျေးရွာ ဗောဓိကျောင်းတိုက်၌ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကုဒ္ဒိဗလ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ပညာရေးကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ရာ ဆရာတော် ဘဒ္ဒန္တ ကုဒ္ဒိဗလက ဩဝါဒကထာ မြွက်ကြားသည်။ ယင်းနောက် ဆရာတော်၏ အလှူငွေကျပ်သိန်း ၃၀၀ ကို ဆရာတော်ကိုယ်စား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရပ်မိရပ်ဖ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား အားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

New Year IT & Mobile Fair-2012 ကွန်ပျူတာလုပ်ငန်းရှင်များ ပါဝင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် New Year IT & Mobile Fair-2012 ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည် ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် သုည ဒသမ ၂၄ လက်မနှင့် ပူတာအိုမြို့တွင် သုည ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ဒုတိယဝန်ကြီး ဦးဘရွှေအား

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Leong Chee Weng Ignatius သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီတွင် ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ယူရိုပါလိဂ်တွင် အောင်မြင်မှုရယူရန်အသင့်ဖြစ်ထားကြောင်း ကျူပီအာနည်းပြသစ် မာ့ခ်ဟုခ်ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၂

ကျူပီအာနည်းပြသစ် မာ့ခ်ဟုခ်က ယူရိုပါလိဂ်ပြိုင်ပွဲတွင် အသင်းသစ် ကျူပီအာအတွက် အောင်မြင်မှုမှတ်တိုင်တစ်ခု စိုက်ထူနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ မာ့ခ်ဟုခ်သည် ဇန်နဝါရီ ၁၀ ရက်က ကျူပီအာအသင်းနှင့် နှစ်နှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့သည်။

ကျူပီအာအသင်းပိုင်ရှင် တိုနီဖာနန်ဒက်စ်က နည်းပြသစ် မာ့ခ်ဟုခ်အနေဖြင့် အသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ ဖာနန်ဒက်စ်၏ အဓိကပစ်မှတ်မှာ ယူရိုပါလိဂ်ပြိုင်ပွဲတွင် အောင်မြင်ရေးဖြစ်သည်။ အသက်(၄၈)နှစ်အရွယ် မာ့ခ်ဟုခ်**(အောက်ပုံ)**သည် ယခင် ဘလက်ဘန်းအသင်းနှင့် ဘော်လ်တန်အသင်းတို့ကို ကိုင်တွယ်စဉ်က ယူရိုပါလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုအတန်အသင့် ရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ၎င်းအား ဖာနန်ဒက်စ်က အသင်း၏ နည်းပြသစ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မာ့ခ်ဟုခ်က မိမိသည်ကျူပီအာအသင်းနည်းပြအဖြစ် ဘောလုံးလောကသို့ တစ်ကျော့ပြန်လည်ရောက်ရှိလာခဲ့သည့်အတွက် ဝမ်းမြောက်မိကြောင်း အသင်းပိုင်ရှင်၏ လိုလားချက်ဖြစ်သည့် ယူရိုပါလိဂ်အောင်မြင်မှုကို ရယူပေးရန် ရည်ရွယ်ထားကြောင်း၊ လွယ်လင့်တကူ ကိစ္စမဟုတ်သော်လည်း အတတ်နိုင်ဆုံးစွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

အန်ဒီကာရိုးအား ပေါင် ၁၀ သန်းဖြင့် ပြန်လည်ခေါ်ယူနိုင်ရန် နယူးကာဆယ်အသင်း ကြိုးပမ်းခဲ့သော်လည်းအရာမထင်ခဲ့

လန်ဒန် ဇန်နဝါရီ ၁၂

နယူးကာဆယ်အသင်းသည် ၎င်းတို့၏ တိုက်စစ်မှူးဟောင်း အန်ဒီကာရိုးအား ပြန်လည်ခေါ်ယူနိုင်ရန်အတွက် လီဗာပူးအသင်းထံ ပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

ကမ်းလှမ်းခဲ့

လီဗာပူးအသင်းသည် ကာရိုး၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း၂၀ ဝန်းကျင်လျာထားသော်လည်း နယူးကာဆယ်အသင်းက ပေါင် ၁၀ သန်းဖြင့်သာ ကမ်းလှမ်းခဲ့သဖြင့် ဆွေးနွေးမှုမအောင်မြင်ခဲ့ပေ။

ပွဲထွက်ခွင့်တစ်နေရာ

အသက် (၂၃)နှစ်အရွယ် ကာရိုး **(အပေါ်ပုံ)**သည် ပွဲစဉ် ၃၁ ပွဲတွင် ခြောက်ဂိုးသာ သွင်းယူထားနိုင်ခဲ့သည်။ သို့သော် ယခုလက်ရှိ လီဗာပူးတိုက်စစ်တွင် လူးဝစ်ဆွာရက်ဇ် ရှစ်ပွဲပယ်ပြစ်ဒဏ်ခံရဖို့ရှိနေသဖြင့် ကာရိုးအတွက် ပွဲထွက်ခွင့်တစ်နေရာ သေချာနေသည်။

သို့သော် အခြားကလပ်အသင်းတစ်သင်းသင်းက ကာရိုး၏ ပြောင်းရွှေ့ကြေးအတွက် မက်လောက်စရာ ပမာဏဖြင့် ကမ်းလှမ်းလာပါက လီဗာပူးအသင်းအနေဖြင့် တွေဝေနေမည်မဟုတ်ပေ။

အင်တာနက်။

ဟိန်းထက်လင်း

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့မ(၁) ကျောင်းပေါင်းစုံပြိုင်ပွဲတွင် စတုတ္ထတန်း၌ ဘာသာစုံပထမဆုရ မခင်နှင်းစံအား ကျောင်းအုပ်ဆရာကြီး ဦးလှဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၄၂)

အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်နေသောအဖွဲ့အစည်းများ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားရေး နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်း(၈)ရပ်မှ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ (၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃)ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

အဆိုပါ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်"**ဟု ဖော်ပြပါရှိသည်။ ထို့အပြင် ပုဒ်မ ၆၅ အရ **"အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ မပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် အဆိုပါဥပဒေအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်"**ဟု ဖော်ပြပါရှိသည်။

သို့ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိအသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၁၃ နှင့် ၆၅ ပါအတိုင်း အသင်းအဖွဲ့မှတ်ပုံတင်ဖွဲ့စည်းခြင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို အမြန်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း(ရုံးချုပ်)က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တန့်ယန်းနှင့် မိုင်းရယ်မြို့နယ်တို့သို့ ရှမ်းပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနခွဲမှူး(လုပ်ငန်းစု) ဦးလှိုင်ဖြိုးနှင့် ပြည်နယ်ဗီဒီယိုလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၉ ရက်တွင် တန့်ယန်းမြို့နယ်၊ ၁၁ ရက်တွင် မိုင်းရယ်မြို့နယ်တို့သို့ ဗီဒီယိုလုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် သက်တမ်းလွန်ခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းလိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီး (One Stop Service) ဆောင်ရွက်ပေးကာ လုပ်ငန်းရှင်များလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ဒိုက်ဦး

ကန်ဦးပညာရေးဖောင်ဒေးရှင်း အခြေခံစက်ချုပ်သင်တန်းဖွင့်

ဒိုက်ဦး ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကန်ဦးအထကပညာရေးပဒေသာပင် ဖောင်ဒေးရှင်း၌ ယဉ်ကျေးလိမ္မာသက်မွေးပညာ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၂)ကို ဇန်နဝါရီ ၈ ရက်တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၄၀ တို့ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဖြစ်မြောက်ရေးအတွက် အပ်ချုပ်စက် ၁၀ လုံးကို လှူဒါန်းပေးခဲ့သော ရန်ကုန်မြို့မှ ဒေါ်ရီရီလှမိသားစု**(အောက်ပုံ)**နှင့် အခြားအလှူရှင်များ၏ မေတ္တာစေတနာကို တုံ့ပြန်သောအားဖြင့် ကန်ဦးအထကပညာရေးပဒေသာပင် ဖောင်ဒေးရှင်းက အခမဲ့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

နိုင် ငံ တ ကာ ရုပ် ရှင် အ နု ပ ညာ ရပ် ဝန်း

အောဝမ်းစိုး

ကိုရီးယားငွေကြယ်ပွင့် ကိုဆူးနှင့် ဟန်ရိုဂျိုးတို့၏ အချစ်ဇာတ်ကား

ကိုရီးယားမင်းသားကိုဆူးနှင့် မင်းသမီး ဟန်ရိုဂျိုးတို့ အဓိကဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ထားသည့် အချစ်ဇာတ်ကားတစ်ကားကို မကြာမီ ရှုစားကြရတော့မည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

BH ဖျော်ဖြေရေးကုမ္ပဏီက ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့နှစ်ဦး ပါဝင်သရုပ်ဆောင်မည့်ဇာတ်ကား၏အမည်မှာ Band-Aid ဟုအမည်ပေးထားသည်ဟုဆိုသည်။

ယင်းဇာတ်ကားသည် ဇနီးသည်ဆုံးရှုံးခဲ့ရသော မီးသတ်သမားတစ်ဦးနှင့် ဆရာဝန်မလေးတို့တွေ့ဆုံခဲ့ကြပြီး တစ်ဦးအပေါ်တစ်ဦး အကြင်နာမေတ္တာ အကဲပိုကာ ချစ်ပုံပြင်တစ်ပုဒ်ဖြစ်ခဲ့ရပုံကို ဖန်တီးရိုက်ကူးတင်ပြထားခြင်း ဖြစ်သည်။

မင်းသားကိုဆူးသည် အနုပညာလောကသို့ ၁၉၉၈ ခုနှစ်တွင် Letter အမည်ရှိ တေးသီချင်းဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

၎င်း၏လူကြိုက်များခဲ့သော ရုပ်သံဇာတ်လမ်းတွဲများမှာ ၂၀၀၁ ခုနှစ်က Piano နှင့် ၂၀၀၉ ခုနှစ်က Will it Snow for Christmas တို့ဖြစ်ပြီး အောင်မြင်ခဲ့သော ရုပ်ရှင်ကားများမှာ White Night၊ Haunters နှင့် Front-line ဇာတ်ကားတို့ဖြစ်သည်။

အသက် (၂၄)နှစ်သာရှိသေးသည့် မင်းသမီးဟန်ရိုဂျိုးသည် ၂၀၀၉ ခုနှစ်က အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Brilliant Legaey ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် ကိုရီးယားနှင့်အာရှတစ်လွှားတွင် နာမည်ကျော်ရေပန်းစားသည့် ကိုရီးယားကြယ်တစ်ပွင့်ဖြစ်ခဲ့ရသည်။ ဟန်ရိုဂျိုးသည် ဒါရိုက်တာ ဆုန်အီဂွန် ၏ Always ရုပ်ရှင်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသကဲ့သို့ ယခုလောလောဆယ် ကိုရီးယားမင်းသား လီဗြောင်ဟွန်းနှင့် တွဲဖက်၍လည်း သမိုင်းနောက်ခံ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးလျက်ရှိသည်။ ***အင်တာနက်။***

ကိုရီးယားမင်းသမီး ဟန်ရိုဂျိုး။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ အလျင်လိုကျေးရွာရှိ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မွမ်းမံပြင်ဆင်ထားရှိမှုများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများအား သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ရောက်ရှိကြပြီး စာကြည့်တိုက်မွမ်းမံပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကျေးရွာနေပြည်သူများ ကြည့်ရှုနိုင်ရန် Sky Net ရုပ်သံလွှင့်စက်တစ်စုံကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ငွေပဒေသာပင်အတွက် အလှူငွေများကို လည်းကောင်း အသီးသီးပေးအပ်ကြရာ ရပ်မိရပ်ဖတစ်ဦးက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အလျင်လိုကျေးရွာအနီးရှိ တောင်သူ **စာမျက်နှာ ၉ ကော်လံ၃ သို့**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဘိုနီကြီးကွင်းစက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဟက်တာ ၂၀ စိုက်ကွင်း၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးဆွေးနွေး

ပြည်တွင်းသတင်း စာမျက်နှာ ၈

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖြင့် သတင်းပေးပို့မှုများကြောင့် လူကုန်ကူးခံရသူများနှင့် ပျောက်ဆုံးသောသူများ စုံစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့

ပြည်တွင်းသတင်း စာမျက်နှာ ၇

ပြည်ပရောက် မြန်မာနိုင်ငံသားများ မော်တော်ကားတင်သွင်းရန် စိတ်ဝင်စား

ပြည်တွင်းသတင်း စာမျက်နှာ ၃

ယာဉ်တိုက်မှုကျူးလွန်ပြီး လူရှင်းသည့်နေရာတွင် စွန့်ပစ်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

မှုခင်းသတင်း စာမျက်နှာ ၅

လန်ဒန်ဒါဘီပွဲ ဝင်ရောက်ဆင်နွဲရန် ဟင်နရီ ရည်မှန်း အငှားစာချုပ်သက်တမ်း ၁၀ ရက်ထပ်တိုးရန်ပြင်ဆင်

လန်ဒန် ဇန်နဝါရီ ၁၂

ဖေဖော်ဝါရီလအတွင်း စပါးအသင်းနှင့်ကစားရမည့် လန်ဒန်ဒါဘီပွဲကို ဝင်ရောက်ကစားနိုင်ရန်ရည်ရွယ်၍ အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသည့် အငှားစာချုပ်ကို ၁၀ ရက် ထပ်မံတိုးရန် ပြင်ဆင်နေကြောင်း အာဆင်နယ်ဂန္ထဝင်ကစားသမား ဟင်နရီက ပြောကြားခဲ့သည်။

အသက် (၃၄)နှစ်ရှိ ဟင်နရီသည် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသည့် အငှားစာချုပ်အရ ဖေဖော်ဝါရီ ၁၆ ရက်အထိ အာဆင်နယ်တွင် ရှိနေမည်ဖြစ်သည်။ သို့သော် အာဆင်နယ်အသင်း၏ မြို့ခံပြိုင်ဘက်စပါးအသင်းနှင့် ယှဉ်ပြိုင်ရမည့်ရက်မှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြစ်သည်။



ထို့ကြောင့် ယင်း ဒါဘီပွဲကို အာဆင်နယ်အသင်းနှင့် အတူ ကျော်ဖြတ်ရန်ရည်ရွယ်၍ စာချုပ်သက်တမ်း ၁၀ ရက် ထပ်တိုးရန် ဟင်နရီက ပြင်ဆင်နေခြင်းဖြစ်သည်။ ယင်းအတွက်ကြောင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကစားမည့် လန်ဒန်ဒါဘီပွဲတွင် ဟင်နရီ၏ ခြေစွမ်းကို ကြည့်ရှုရနိုင်ဖွယ်ရှိနေသည်။

အင်တာနက်။

အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသည့် အငှားစာချုပ်ကို ၁၀ ရက် ထပ်မံတိုးရန် ပြင်ဆင်နေသည့် အာဆင်နယ် ဂန္ထဝင်ကစားသမား ဟင်နရီ။

အင်တာနက်အာကာသသိပ္ပံသတင်း

ဘာသာပြန် - တက်လူ

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ တည်ဆောက်မည့် နက္ခတ်တာရာလေ့လာရေးစခန်းကို ပန်းချီဆရာက သရုပ်ဖော်ရေးဆွဲထားစဉ်။

ကမ္ဘာ့အကြီးဆုံး နက္ခတ်တာရာလေ့လာရေးစခန်း တည်ဆောက်ရေးစီမံကိန်း၌ တရုတ်နှင့် အိန္ဒိယပါဝင်

ပေကျင်း ဇန်နဝါရီ ၁၂

ကမ္ဘာ့အကြီးဆုံး နက္ခတ်တာရာလေ့လာရေးစခန်း တည်ဆောက်သည့် စီမံကိန်း၌ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ ပူးပေါင်းပါဝင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း သတင်းဌာနများက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်ရှိ မော်နာကီယာ မီးတောင်၏ တောင်ထိပ်ပေါ်တွင် မီတာ ၃၀ တယ်လီစကုပ်(Thirty Meter Telescope)ဟု အမည်ပေးထားသော နက္ခတ်တာရာလေ့လာရေးစခန်းကို တည်ဆောက်မည်ဖြစ်သည်။

အဆိုပါ နက္ခတ်တာရာလေ့လာရေးစခန်းသည် ၂၀၁၈ ခုနှစ်၌ အပြီးသတ် တည်ဆောက်ပြီးစီးသည့်အခါ ကမ္ဘာ့အကြီးဆုံးနက္ခတ်တာရာမျှော်စင်အဖြစ် ရပ်တည်လာမည်ဖြစ်သည်။ ***စာမျက်နှာ ၉ ကော်လံ ၁ သို့***